# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၂)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် မတ် ၁၅**

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အဖွဲ့ ၂ ဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှအရာရှိ၊ စစ်သည်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး

စာမျက်နှာ ၁၅ ကော်လံ ၁ ❐



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ ဖူးမြော်ကြည်ညိုစဉ်။

## အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ဈေးနှုန်းသက်သာစွာဝယ်ယူခွင့်ရရှိနေသောမော်တော်ယာဉ်များအနေဖြင့် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်

စာ - ၁၅ သို့

**၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း**

စာ - ၅ သို့

**ဆောင်းပါး**

**ထုတ်ကုန်ဘေးကင်းလုံခြုံမှုမှသည် ယုံကြည်စိတ်ချစွာ စားသုံးနိုင်မည့်လူမှုဘဝ**

စာ - ၁၃ သို့

**ပေါင်မြို့နယ်၌ နေကြာ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီး**

စာ - ၃ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၆ ရက်)

## ကျန်းမာရေးတွင် ကြိုတင်ကာကွယ်နိုင်ခြင်းမှာ အကောင်းဆုံး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာစေရန် ဦးတည်ချက်များချမှတ်ဖော်ဆောင်လျက်ရှိရာတွင် **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”**ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းပြီး လက်တွေ့ကျကျဆောင်ရွက်ပေးလျက်ရှိသည်။ လူ့ဘဝတွင် **“ကျန်းမာမှပညာသင်နိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်”**ဖြစ်သည့်အတွက် ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးအုတ်မြစ်ပင်ဖြစ်သည်။ ပြည်သူများကျန်းမာသန်စွမ်းရှိကြမှသာ နိုင်ငံတော်၏ထုတ်လုပ်မှုစွမ်းအား လူမှုတည်ငြိမ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များ၏တိုးတက်ရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများသက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်မှန်းချက်ထားပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိ နိုင်ငံတော်အစိုးရတာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍတွင် ကြီးမားသည့် စိန်ခေါ်မှုများစွာကိုရင်ဆိုင်ခဲ့ရသော်လည်း အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ကြသည်။ ပထမတစ်နှစ်အတွင်းတွင် တစ်ကမ္ဘာလုံးရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို **“လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ”**ဆိုသည့် မူဝါဒဖြင့် အစိုးရ၊ ဝန်ထမ်းများနှင့်ပြည်သူများစုပေါင်းအားဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင် စသည့်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရချိန်တွင်လည်း ကျန်းမာရေးဝန်ထမ်းများသည် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တက်ညီလက်ညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့်လည်း ကျန်းမာရေးပြဿနာများဖြစ်ပွားခြင်းမရှိခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးကဏ္ဍ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းမှုအနေဖြင့်လည်း ငါးနှစ်အတွင်း ပြည်သူ့ဆေးရုံပေါင်း ၂၅ ရုံကိုအဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်မရှိစေရန်၊ တန်းတူညီမျှရရှိစေရန်အတွက် ကျေးလက်ဒေသများတွင် ၁၆ ခုတင်ဆံ့ ဆေးရုံ ၁၂ ရုံကိုအသစ်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဆေးရုံများတွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးမြင့် အဆောက်အအုံကောင်းများကို တည်ဆောက်ပေးခဲ့ရာတွင် ငါးနှစ်အတွင်း ဆေးရုံအဆောက်အအုံသစ် ၄၁ ခုနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ရာတွင် ကျွမ်းကျင်သောကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးဆိုသည့်ပန်းတိုင်ကိုပြည့်မီစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ **“ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်”** ဆိုသည့် မူဝါဒချမှတ်ပြီး ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆေးရုံတိုင်းအတွက် သစ်လွင်ဆရာဝန် ၂၆၄၉ ဦးအပါအဝင် သွားနှင့်ခံတွင်းဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကိုလည်း ခန့်အပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ပြည်တွင်းပြည်ပဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သူနာပြုများ၏ ရာထူးအဆင့်မြှင့်တင်ခြင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၇ ရက်ကကျင်းပသည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနဖွင့်ပွဲအခမ်းအနား၌အမှာစကားပြောကြားစဉ် **“အထူးမှာကြားလိုသည်မှာ ရှိနေသည့်စက်ပစ္စည်းများ မည်မျှပင်ခေတ်မီကောင်းမွန်နေပါစေ ကိုင်တွယ်အသုံးပြုသည့်လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်မှုနှင့်စေတနာသည်သာလျှင် ကုသမှုအောင်မြင်ရန်အတွက် အရေးကြီးဆုံးအကြောင်းအရာဖြစ်ကြောင်း၊ ကင်ဆာဝေဒနာရှင်များသည် မိမိတို့ခံစားနေရသည့်ဝေဒနာနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများလည်းရရှိနိုင်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများတွင်ရှိပြီးဖြစ်သည့် “စေတနာ၊ ဝါသနာ၊ အနစ်နာ” ဆိုသည့် နာသုံးနာကိုအရင်းခံပြီး လူနာများအပေါ် မိသားစုစိတ်ဓာတ်ဖြင့်မေတ္တာထားပြီး နွေးထွေးကြင်နာစွာပြုစုစောင့်ရှောက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း”** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ရောဂါဖြစ်မှကုသခြင်းထက် **“ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်”** ဆိုသည့်အတိုင်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့်နေထိုင်မှုပုံစံများရှိစေရန်၊ ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်း လျှော့ချရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာသိရှိကုသမှုခံယူနိုင်ရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၃-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**တောင်ကြီး မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မတ်လ ၁၅ ရက် နံနက် ၉ နာရီတွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယနေ့ခေတ် ကမ္ဘာလုံး ဆိုင်ရာကုန်သွယ်မှုနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့ ပတ်ဝန်းကျင်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် ဝန်ဆောင်မှုအမျိုးမျိုးတို့သည် ရွေးချယ်စရာအမြောက်အမြားရှိလာကြောင်း၊ ယခုလိုများပြားလှသော ရွေးချယ်စရာများထဲတွင် စားသုံးသူတစ်ဦးအတွက် အရေးကြီးဆုံးမှာ ထုတ်ကုန်များဘေးကင်းလုံခြုံရေးဖြစ်ကြောင်း၊ စံချိန်စံညွှန်းမမီသော ထုတ်ကုန်ပစ္စည်းများသည် စားသုံးသူတစ်ဦးတစ်ယောက်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်ရုံသာမက နိုင်ငံ၏ လူသားအရင်းအမြစ်ကိုပါ ကြီးမားစွာ ထိခိုက်စေနိုင်ခြင်းကြောင့် ထုတ်ကုန်ဘေးကင်းလုံခြုံမှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ Video Clip ဖွင့်လှစ်ပြသပြီး ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရွှေဖြူက စားသုံးသူကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပြခန်းများအား လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ (၄၀၅)

# ကန်ကြီးထောင့်မြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



**ကန်ကြီးထောင့် မတ် ၁၅**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု ဝါးဒူး-အနောက်စုလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို မတ်လ ၁၅ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဝါးဒူး-အနောက်စုကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်အား ညွှန်ကြားရေးမှူး(မြို့ပြ)က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ဖွင့်လှစ်ပြီးသော ကွန်ကရစ်လမ်းသစ်အား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဝါးဒူး-အနောက်စုလမ်းသစ်သည် လမ်းမိုင် ၁/၄ မိုင် ရှိသည့် အနက် ၂ ဒသမ ၁၄ ဖာလုံအား ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ၃ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ၂ ဒသမ ၁၄ ဖာလုံအား ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

## နိုင်ငံချစ်စိတ်

✤ ကိုယ့်ရေမြေ ကိုယ်မြတ်နိုး
တန်ဖိုးထား ချစ်ခင်ပါ။
ပြည်ဖျက်ရန် ကာကွယ်မနှေး
ဆောင်ရေးဝန်တာ။
ညီညွတ်မှုဖြင့် စည်းလုံးကာ
အရေးကြီးတာ ဆောင်ရွက်။
သမိုင်းအမွေ လက်ဆင့်ကမ်း
ထမ်းဆောင်နေလျက်။

✤ အမိမြေ သာယာရေးအတွက်
တွဲလက်တို့ ခိုင်မာစေ။
နွားကွဲလျှင် ကျားဝင်ဆွဲသမို့
မခွဲညီနေ။
ထိန်းသိမ်းစောင့်ရှောက် ဘိုးဘွားအမွေ
တို့တစ်တွေ ကြိုးစား။
အလင်းဆောင် အမှောင်ခွင်းလို့
ဘေးကင်းစေသား။

✤ တို့ညီနောင် ပေါင်းစုအားဖြင့်
ကောင်းမှုများ ဆောင်ရွက်သော်။
ဘက်ပေါင်းစုံ ဖွံ့ဖြိုးမှုဖြင့်
အားပြုရွှင်ပျော်။
တို့ချစ်သော နိုင်ငံတော်
တောင်ပေါ်မြေပြန့် ဂုဏ်သတင်းမွှေး။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးတက်ဖို့တွေး။ ။

**ဈာန်လေး(ပညာရေး)**

# ပေါင်မြို့နယ်၌ နေကြာ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီး



**ပေါင် မတ် ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာတွင် နေကြာဧက ၁၅၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနေကြာများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်နှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

ပေါင်မြို့နယ်၌ ဆောင်းသီးနှံနေကြာ လျာထားချက်ကျော်လွန်အောင်မြင်ဖြစ်ထွန်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တောင်သူအချို့ အနေဖြင့်လည်း ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် အတွေ့အကြုံနှင့် လိုအပ်ချက်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်းစပ်ပြီး စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးသည့်နေကြာများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေးကောင်း နေကြာများထွက်ရှိစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းများ၊ ပိုးသတ်ဆေးအသုံးပြုနည်းများ၊ ရေအသုံးချမှုဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့် ရွေးချယ်နည်းများနှင့် စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ထမင်းဆာပြီကွာ၊ အိမ်ပြန်မယ့်ဟာ ဖြောင့်ဖြောင့်တန်းတန်းပြန်ကြပါစို့၊ ဟော ဟိုမှာကားချောင်တယ်'

'ချောင်ရင် ကိုယ့်ဟာကိုယ်ပြန်နှင့်'

အမာညိုသည် ခြံဝင်းသို့စွတ်ခနဲဝင်သွားကာ ပန်းရုံဘေးသို့ရောက်သွားသည်။ မိမိလေးနှင့် မဝါတို့ကလည်း နဂိုကတည်းက ခူးချင်ချင်မို့ အမာညို၏နောက်သို့ ရယ်မောရင်း ပြေးလိုက်သွားကြသည်။ သို့သော် ခြံဝင်းထဲသို့ရောက်သောအခါ သူတို့သည် ပန်းခူးရေးထက် မာလကာသီးခူးရေးကို ပိုမိုစိတ်ဝင်စားသွားကြလေသည်။ ရုံး အဆောက်အအုံနောက်ဘက်တွင် စမ်းသပ်စိုက်ပျိုးထားသော မာလကာပင်တန်းရှိသည်။ ယခင်တစ်ပတ်က လမ်းလျှောက်ရင်း လာကြည့်စဉ်က အသီးများကျစ်သေးသည်ကို သတိပြုမိသည်။ ယခုလောက်ဆိုလျှင် ပွပြီးစား၍ကောင်းသောအနေသို့ ရောက်နေလောက်ပေပြီ။ အမာညိုက ပေါက်ကျိုင်းကိုပါ အပါခေါ်ရန်ကြိုးစားသည်။

'ဟေ့ မာလကာသီးသွားခူးရအောင်'

'မခူးဘူးကွာ လာခဲ့၊ ထမင်းဆာပြီ'

'မာလကာသီးစားရင် အဆာပြေတာပေါ့'

'သူများတကာ ပင်ပင်ပန်းပန်းစမ်းပြီး စိုက်ထားတာ သွားဖျက်ဆီးဦးမလို့လား မာညိုရာ'

'အသီးခူးတာ၊ ဖျက်ဆီးတာမှမဟုတ်တာ'

'တော်ကြာ အစောင့်တွေ့ရင် လိုက်ရိုက်နေမယ်ကွာ'

'ကြောက်ရင်နေပေါ့၊ ပြီးမှ တောင်းမစားနဲ့နော်၊ မကျွေးဘူး'

**"အမာညိုသည် သစ်ပင်ပေါ်သို့ ခြေမြန်လက်မြန်ဖြင့်ရောက်သွားသည်။ သစ်ပင်တက်တွင်တော့ အမာညိုတို့က ဝိဇ္ဇာဘွဲ့ရထားသူဖြစ်လေသည်။ ကျောင်းမှ ခရေပင်လေးများကိုလည်း အကုန်တက်ဖူးသည်။ ခရေပင်ပေါ်တက်ပြီး အကိုင်းကိုခြေဖြင့်နင်းကာ တသိမ့်သိမ့်လှုပ်ချပြီး ပန်းများကြွေအောင် ပြုလုပ်ပေးလေ့ရှိသည်။ ခရေပန်းကြိုက်သော မိမိလေးတို့က အမာညိုကို အထူးအားကိုးကြရလေသည်. . ."**

မိန်းကလေးတက်ပြားသုံးဦး ရုံးနောက်ဘက်သို့ ယောင်လည်လည်ဖြင့်လျှောက်သွားကြသည်ကိုကြည့်ရင်း ပေါက်ကျိုင်းသည် သက်ပြင်းချမိရှာသည်။ ထို့နောက် လမ်းဘေးတွင် စိတ်ပျက်လက်ပျက်နှင့် ငုတ်တုတ်ထိုင်ချလိုက်သည်။

'မာညိုရာ လာခဲ့၊ ဒီလိုဆို ဒို့ လျှောက်ပြောမယ်နော်'

ပေါက်ကျိုင်းက နိုင်ပေါက်ကိုင်ကာ လှမ်းအော်ပြောသောအခါ အမာညိုသည် မကြားချင်ဟန်ဆောင်ရင်း ခပ်သွက်သွက်လျှောက်သွားသည်။ သူ့၌ ကိုယ်ဝန်နှစ်လ ကျော်ကျော်ရှိနေပြီကို အမာညိုသည် မည်သူ့ကိုမျှအသိမပေးသေးချေ။ သိလည်း မသိသာလှသေးသောကြောင့် ရှက်စိတ်တဝေဝေနှင့်ဖုံးထားလေသည်။ သူ့သူငယ်ချင်းများသိပြီး ရယ်မောနောက်ပြောင်မည်ကို အမာညိုက စိုးရိမ်လှသည်။ ထိုအကြောင်းကို ပေါက်ကျိုင်းကသိသဖြင့် သက်သက်မဲ့အကျပ်ကိုင်ကာ ပြောခြင်းဖြစ်လေသည်။

'ဟေ့ ပေါက်ကျိုင်းက ဘာတွေလျှောက်ပြောမယ်ပြောနေတာလဲ'

'အလကားပါ'

စူးစမ်းသလိုမေးလာသော မဝါကို အကြောင်းမဲ့ မျက်စောင်းထိုးလိုက်ရင်း အမာညိုသည် စကားဖြတ်လိုက်သည်။ မာလကာပင်ပေါ်မော့ကြည့်ကာ အသီးပွပွများရှာရင်း အလုပ်ရှုပ်ပစ်လိုက်ရင်း အခြောက်တိုက်အကျပ်ကိုင်သော ပေါက်ကျိုင်းကို စိတ်ထဲမှကျိတ်ပြီး ဒေါသဖြစ်နေလေသည်။

ခြံဝင်းစောင့်ဦးလေးကြီးကို မတွေ့ရချေ။ ထို့ကြောင့် မိမိလေးသည် မာလကာကိုင်းကို အတင့်ရဲစွာဖြင့် ခုန်၍ဆွဲသည်။ သူ့အရပ်က အတန်ငယ်ပုနေသောကြောင့် မမီမကမ်းနှင့် လွတ်လွတ်သွားလေသည်။

'ဟေ့ ဟိုအကိုင်းပေါ်ကအသီးတွေ သိပ်ကောင်းတာပဲ'

'ငါ တက်ခူးမယ်ဟာ'

'တော်ကြာ ပြေးပေါက်မှားနေမယ်'

'အို မီမှမမီဘဲ'

အမာညိုသည် သစ်ပင်ပေါ်သို့ ခြေမြန်လက်မြန်ဖြင့်ရောက်သွားသည်။ သစ်ပင်တက်တွင်တော့ အမာညိုတို့က ဝိဇ္ဇာဘွဲ့ရထားသူဖြစ်လေသည်။ ကျောင်းမှ ခရေပင်လေးများကိုလည်း အကုန်တက်ဖူးသည်။ ခရေပင်ပေါ်တက်ပြီး အကိုင်းကိုခြေဖြင့်နင်းကာ တသိမ့်သိမ့်လှုပ်ချပြီး ပန်းများကြွေအောင် ပြုလုပ်ပေးလေ့ရှိသည်။ ခရေပန်းကြိုက်သော မိမိလေးတို့က အမာညိုကို အထူးအားကိုးကြရလေသည်။

သစ်ပင်ပေါ်ရောက်သည်နှင့် မီရာအသီးကို ဆတ်ခနဲလှမ်းခူးကာ တစ်ကိုက်ကိုက်စားလိုက်သည်။ အောက်ဘက်မှ မော်ကြည့်နေသူနှစ်ဦးကိုငုံ့ကြည့်ရင်း 'ဟာ ကောင်းတယ်ဟ၊ ချိုလည်းချို၊ ပွလည်းပွ' ဟုပြောလေသည်။

'ငတ်လှချေလားဟဲ့၊ ပြီးမှစားစမ်းပါ၊ မြန်မြန်ခူး၊ မြန်မြန်သွားကြရအောင်'

မိမိလေးက စိုးရိမ်ပူပန်စွာအော်သည်။ အပင်ပေါ်မှ မာလကာသီးကို စားချင်လှ၍ ခိုးယူနေရသော်လည်း ထိုသို့မလုပ်သင့်ကြောင်းကိုကား သိသည်။

'ဘာမြေသြဇာတွေ ထည့်ထားလဲမသိဘူး၊ ဂျီဟောလ်ကအပင်ထက် ကောင်းတယ်၊ ရော့ စားမပစ်နဲ့ဦးနော်၊ အဲဒါ ငါ ဆက်စားမှာ'

အမာညိုသည် သူ၏စားလက်စ မာလကာသီးကို တံတွေးနှင့်မထိတထိထွေးပြီးမှ ပစ်ပေးလိုက်သည်။ စားရန်အသင့်စောင့်နေသော မိမိလေးနှင့်မဝါတို့သည် မျက်နှာများရှုံ့မဲ့သွားသည်။ လူဟူသည်မှာ ကိုယ့်တံတွေးကို ကိုယ်မရွံတတ်သော်လည်း တခြားသူ၏တံတွေးကိုကား အလွန်ရွံတတ်ကြသည်။ ထို့ကြောင့်လည်း အမာညိုက သူ့မာလကာသီးကို မဝါတို့မစားအောင် လုပ်လိုက်ခြင်းဖြစ်သည်။

'ခွေးမနော်၊ နင်အတော်ယုတ်'

သစ်ပင်ပေါ်မှ အမာညိုသည် ရယ်မောရင်း နောက်တစ်ဆင့်ထပ်တက်လိုက်သည်။ အကိုင်းဖျားမှအသီးပွပွများကို မမီမကမ်း လှမ်းခူးလိုက်လေသည်။ ထိုစဉ်တွင် မိမိလေး၏အော်သံကိုကြားရတော့သည်။

'ဟင် မာညို၊ ဆင်းခဲ့၊ ဆင်းခဲ့'

'ဟောတော့'

အစောင့်ဦးလေးကြီးသည် သူတို့ကို ဘယ်နေရာကများ လှမ်းမြင်လိုက်လေသည်မသိ၊ လက်ကိုဝှေ့ယမ်းကာ ပြေးလာသည်။ သူ့ပါးစပ်ကလည်း စူးစူးဝါးဝါး အော်ဟစ်လာလေသည်။

'မြန်မြန်ဆင်း မိညို၊ မြန်မြန်ဆင်း'

မဝါသည် ဦးလေးကြီးကို အလန့်တကြားကြည့်ရင်း မာလကာပင်ကို လက်နှင့်ပုတ်ကာအော်သည်။ အမာညိုသည် ရင်တဒိန်းဒိန်းခုန်လာပြီး မျက်လုံးများပြာလာသည်။ မည်သည့်အကိုင်းကိုနင်းပြီး မည်ကဲ့သို့ပြန်ဆင်းရမည်နည်း စဉ်းစား၍ မရတော့ချေ။

'လာပါဟ မြန်မြန်'

သစ်ပင်အောက်မှ သူရဲကောင်းနှစ်ဦးသည် အမာညိုကိုစောင့်မည့်ပုံမရကြတော့ပေ။ ပြေးမည့်ဟန်ပြင်နေကြသည်။ သည်လိုတော့လည်း အဖြစ်မခံနိုင်၊ ရန်သူ့လက်တွင် သုံ့ပန်းဖြစ်ပြီး တစ်ဦးတည်းကျန်ခဲ့ရမည့်အရေးသည် ရင်လေးဖွယ်ကောင်းလှသည်။ အမာညိုသည် ဘာကိုမျှမစဉ်းစားနိုင်တော့ချေ။ ခြေကားရား လက်ကားရားဖြင့် ဝုန်းခနဲခုန်ချလိုက်သည်။

'ဟေး ဟေး၊ ဘာလို့ခူးနေရတာလဲ ဟေး ဟေး'

ခွေးကျကျလာသော အမာညိုသည် ထိုအသံကို ပီပီသသကြားလိုက်သေးသည်။ ခြေနာသလား၊ လက်နာသလား မစဉ်းစားနိုင်အောင်မီမှာပင် သူ့ကို တစ်ဖက်တစ်ချက်မှ ဆွဲထူလိုက်သည်ကို သိလိုက်သည်။ ထို့နောက် မဝါနှင့် မိမိလေးတို့နှစ်ဦးကြားတွင် တရွတ်တိုက်ပြီးပါသွားသည်။ မိနစ်ပိုင်းအတွင်း၌ပင် ခြံပြင်သို့ ကသောင်းကနင်းဖြင့်ရောက်သွားလေတော့သည်။

'ဟေး စားချင်လို့ ခူးတာပေါ့ ဟေး ဟေး'

ခြံပြင်ရောက်သောအခါတွင်ကား သူတို့ မကြောက်ကြတော့ချေ။ သူ့ပိုင်နက်ထဲက လွတ်မြောက်လာပြီမို့ အားတက်လာသည်။ ဖော့ချွေးများပြန်ကာ လျှာထွက်အောင်မောနေသော်လည်း မဝါက အားကျမခံ ပြန်လည်အော်ဟစ်လိုက်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့တင်ပို့နိုင်ရန် တတိယအကြိမ် ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးများကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရန် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

"မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ကြား တန်ဖိုးမြှင့်ထောပတ်သီး ထုတ်လုပ်မှုကဏ္ဍာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို Hybrid စနစ်နဲ့ကျင်းပပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က တာဝန်ရှိသူတွေ၊ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့က မြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက တာဝန်ရှိသူတွေ၊ အိန္ဒိယနိုင်ငံ International Federation of Business Intellectuals and Change-makers (IFBIC)က တာဝန်ရှိသူတွေ ပါဝင်ဆွေးနွေးခဲ့ပါတယ်"ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါညှိနှိုင်းဆွေးနွေးမှုတွင် မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သောစာရွက်စာတမ်းများကို အိန္ဒိယနိုင်ငံ IFBIC ထံ ပေးပို့ရန် အဓိကဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အိန္ဒိယနိုင်ငံဘက်မှ ပံ့ပိုးပေးရန်လည်း ညှိနှိုင်းဆွေးနွေးထားကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံ၌ ထောပတ်သီးစက်ရုံအသစ် တည်ဆောက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပြီးခဲ့သည့်အစည်းအဝေး၌ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဖြိုး**

## ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ကပ်နေသည့် စားသုံးဆီတင်သင်္ဘောများမှ စားသုံးဆီများ ထည့်သွင်းသိုလှောင်မည့်ဆီကန်များအား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်သည် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မော်ဇော် ဦးဆောင်သောအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ မတ်လ ၁၄ ရက်က ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ဆိုက်ကပ်နေသည့် စားသုံးဆီတင်သင်္ဘောများမှ စားသုံးဆီများ ဆီသိုလှောင်ကန်များသို့ ထည့်သွင်းမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။




ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ကပ်နေသည့် စားသုံးဆီတင်သင်္ဘောများမှ စားသုံးဆီများ ထည့်သွင်းသိုလှောင်မည့် သတ်မှတ်ဆီကန်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လက်ရှိ စားသုံးဆီလက်ကျန်များ ထုတ်ပေးရာတွင် အလေးချိန်မှန်ကန်မှုရှိစေရေး၊ ထပ်မံရောက်ရှိလာမည့်စားသုံးဆီတင်သင်္ဘောများမှ စားသုံးဆီများကို ကြိုတင်ပြင်ဆင်သန့်ရှင်းထားသော ဆီသိုလှောင်ကန်များအတွင်းသို့ စနစ်တကျထည့်သွင်းထားရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် အလေးထားမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကျော်မိုး**

# ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၈/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကိုဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့်အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကိုကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါအထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့်အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးကုန်စည်အမျိုးအစားနှင့်အခွန်နှုန်းများ**

(က) အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ်အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့်ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကိုပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့်တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၈ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၂၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၃ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၇ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၅၅ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၆၀၁ ကျပ်မှ ကျပ် ၇၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၂၀၁ ကျပ်မှ ကျပ် ၉၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၁၁ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၈၀၁ ကျပ်မှ ကျပ် ၁၂၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၅၂ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၄၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၉၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၀၀၁ ကျပ်မှ ကျပ် ၁၈၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၄၃၈ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၈၂၀၁ ကျပ်မှ ကျပ် ၂၁၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၈၁ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၁၄၀၁ ကျပ်မှ ကျပ် ၂၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၂၄ ကျပ် |

စာမျက်နှာ ၆ သို့ ▲

▲ စာမျက်နှာ ၅ မှအဆက်

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၆၀၁ ကျပ်မှ ကျပ် ၂၇၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆၈ကျပ် |
| | (ဋ)အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၇၈၀၁ ကျပ်မှ ကျပ် ၃၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁၁ကျပ် |
| | (ဌ)အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၁၀၀၁ ကျပ်မှ ကျပ် ၃၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၃၇၉ကျပ် |
| | (ဍ)အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၄၂၀၁ ကျပ်မှ ကျပ် ၃၇၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၉၅၂ကျပ် |
| | (ဎ)အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၄၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၀ ကျပ် |
| | (ခ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁ ကျပ် |
| | (ဂ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၁ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၅၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၆၂ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၉၉ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၅၀၁ ကျပ်မှ ကျပ် ၁၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၉၄ ကျပ် |
| | (ဆ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၇၃ ကျပ် |
| | (ဇ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၅၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၈၄ကျပ် |
| | (ဈ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၅၀၁ ကျပ်မှ ကျပ် ၁၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၉ ကျပ် |
| | (ည)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၉၀၀၁ ကျပ်မှ ကျပ် ၂၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၅၆ ကျပ် |
| | (ဋ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၁၆ ကျပ် |
| | (ဌ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၃၀၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၇၆ ကျပ် |
| | (ဍ)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၀၁၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) ဘက်ထရီလျှပ်စစ်သုံး လူစီးယာဉ်။ | | ၅ ရာခိုင်နှုန်း |
| | (ခ) Double Cab 4 DoorPickup ကားများ အပါအဝင် Pickup ကားများမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန်(Estate Wagon) ကားများ၊ ကူပေး(Coupe)ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | (ဂ) Double Cab 4 DoorPickup ကားများ အပါအဝင် Pickup ကားများမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန်(Estate Wagon) ကားများ၊ ကူပေး(Coupe)ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | (ဃ) Double Cab 4 DoorPickup ကားများ အပါအဝင် Pickup ကားများမှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန်(Estate Wagon) ကားများ၊ ကူပေး(Coupe)ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှ တစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့်အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့်အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြင်ဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီးဆေးဝါးနှင့်ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |

စာမျက်နှာ ၇ သို့ ▲

▲ စာမျက်နှာ ၆ မှအဆက်

| စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်း မျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကသတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး (Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ရော်ဘာ(ခေါ်)ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့်တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံးအင်ဗာတာ (စထရင်း/ ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted Structure, Solar /PV Mounted Frames, Solar/ PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV/ Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့်ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့်ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၇ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၈ | ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၃၉ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၀ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏ အဖွဲ့ဝင်များအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ကုန်စည်များ။ |
| ၄၂ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၄ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၅ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၄၆ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှုမရှိဘဲ ပြန်လည်တင်သွင်းလာသောကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည် -

စာမျက်နှာ ၈ သို့ ▲

▲ စာမျက်နှာ ၇ မှအဆက်

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

( ဃ ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရကဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဒေ့ခ်ကျောင်းမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့်လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ)တို့ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

( စ ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ်(SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကိုစတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ် ၂၀,၀၀၀ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှ ရငွေအပေါ် ၁၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

( ဆ ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့်အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

( ဇ ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

( ဈ ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ နုတ်ခွင့်မရှိစေရ။

( ည ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျှော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ ( က ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များအပေါ်

စာမျက်နှာ ၉ သို့ ▲

▲ စာမျက်နှာ ၈ မှအဆက်

အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့်အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုး သတ်မှတ်ချက် (De minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့် လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူမည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကိုဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် ဝ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ပင်ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း(၆)တွင် ဖော်ပြပါရှိသောစကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019)ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့်အခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် |
|---|---|---|---|
| | မှ | ထိ | ဝင်ငွေခွန်နှုန်း |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ဝ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့်အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ(ဂ)ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါအခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့်အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့်(၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၂)အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ်ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ၁၀ ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကိုရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ဤဥပဒေ၏ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ၂ ရာခိုင်နှုန်းဖြင့်တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့်အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ-

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ အပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်ကဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန်ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဝင်ငွေအမှန်ကိုဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

စာမျက်နှာ ၁၀ သို့ ▲

▲ စာမျက်နှာ ၉ မှအဆက်

၂၅။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန် အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။

ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ(က)ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ(က)ပါ အခွန်နှုန်းများကို နိုင်ငံတော်၏စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကိုသုံးသပ်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကိုဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့်ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ(Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန် ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း(၇)တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင်ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ အရ အောက်ဇယားပါကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့်တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကသတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့်ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်-

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများစွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊
(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊
(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊
(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊
(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊
(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊
(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊
(ည) အကောက်ခွန်၊
(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊
(ဌ) ရေခွန်၊
(ဍ) တာတမံခွန်၊
(ဎ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊
(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊
(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊
(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊
(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊
(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

စာမျက်နှာ ၁၁ သို့ ▲

▲ စာမျက်နှာ ၁၀ မှအဆက်

## အခန်း (၁၀)

## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်းယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည် –

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

( ခ ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကိုဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကိုဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကိုပြုလုပ်ပေးရမည်။

( ခ ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကိုအကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

( ဂ ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ –

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့်သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေများ၊

( ခ ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအားထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် –

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

( ခ ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည် –

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအားထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ၊

( ခ ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသောကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်နှင့် အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ဇယား (၁)

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလခန့်မှန်းခြေ**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၆ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၇,၀၆၉,၅၇၂.၃၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၂,၂၉၃.၄၀၁ |
| | ၂ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၄,၃၅၄,၀၆၂.၄၇၄ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၅၀၀.၀၀၀ |
| | ၄ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၃၃,၉၉၀.၄၈၀ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၄,၇၉၂.၉၉၄ |
| | ၆ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၃၄၉,၀၈၆.၇၃၅ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၄၈.၄၀၅ |
| | ၈ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၂,၁၂၉,၈၂၆.၉၂၈ |
| | ၉ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရတနာခွန်၊ | ၅၉,၉၅၁.၉၀၆ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၈,၇၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၁,၆၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊ | ၆၉.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၆,၀၇၃,၀၈၁.၄၇၇** |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဝင်ငွေခွန်၊ | **၆,၀၇၃,၀၈၁.၄၇၇** |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အကောက်ခွန်၊ | **၄၆၀,၀၀၀.၀၀၀** |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၇၀,၅၉၇.၁၆၉** |

စာမျက်နှာ ၁၂ သို့ ▲

▲ စာမျက်နှာ ၁၁ မှအဆက်

| အမှတ်စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၆ မူလခန့်မှန်းခြေ |
|---|---|---|---|
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၅၇.၂၄၁ |
| ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၂၃.၈၁၀ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၅၅၁.၉၇၇ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၇၈.၂၅၀ |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၅,၉၆၅.၉၁၈ |
| ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၅၅၁,၄၇၈.၆၂၂ |
| ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၁၆၈,၇၃၉.၂၀၀ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၉၄,၁၉၃.၂၅၂ |
| ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၄၄,၂၀၆.၅၆၅ |
| ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ ထံမှ ကောက်ခံရရှိသည့်အခွန်၊ | ၂,၂၀၁.၉၉၈ |
| | | စုစုပေါင်း | **၁၄,၄၇၃,၂၅၀.၉၆၉** |

# မြဝတီမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှိုးဆော်

မြဝတီ မတ် ၁၅

ကရင်ပြည်နယ် မြဝတီမြို့၌ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ည ၇ နာရီက ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ဇင်ဝင်းဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၄) ရပ်ကွက်ရှိပြည်သူများအား မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိသတိရှိစေရေးအတွက် လိုက်လံနှိုးဆော်ကြသည်။

ထိုသို့နှိုးဆော်ရာ၌ ရပ်ကွက်နေပြည်သူများအနေဖြင့် လျှပ်စစ်မီးသုံးစွဲရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုမဖြစ်စေရေးအတွက်လည်းကောင်း၊ ဆေးလိပ်မီး၊ ခြင်ဆေးခွေများမှတစ်ဆင့် ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု မဖြစ်စေရေးအတွက်လည်းကောင်း ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပေးနှိုးဆော်ကြသည်။ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိသတိပေးလိုက်လံနှိုးဆော်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (၄၀၆)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြစ်သားမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲကျင်းပ



မြစ်သား မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပန်းချီပညာနှင့်ပတ်သက်၍ စိတ်ပါဝင်စားစွာသင်ယူခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်းက ပြိုင်ပွဲဝင်ပန်းချီကားများ၏ ဆေးရောင်ခြယ်ခြင်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အကြီးတန်းအဆင့်နှင့် အငယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းကာလတစ်လျှောက် ထူးချွန်ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဝါဝါမြင့်(မြစ်သား)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၃-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၅ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၅ | ၂၉၁၅ | ၃၃၃၀ | ၂၉၉၀ | ၂၉၅၅ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၉၃၀ | ၃၀၄၅ | ၃၀၁၀ | ၂၉၄၅ | ၃၀၅၀ | ၃၀၆၅ | ၃၀၈၅ | ၃၀၀၀ | ၄၅၆၀ | ၃၂၉၅ | ၃၀၂၀ | ၃၄၇၀ | ၃၀၉၀ | ၃၀၅၅ | ၃၀၇၅ | ၃၃၃၅ |
| HSD (500 ppm) | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | - | ၃၅၇၀ | ၃၂၉၅ | ၄၁၈၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (50 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | ၄၈၃၀ | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၁၀ | ၃၉၆၅ |
| HSD (10 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | - | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၁၀ | ၃၉၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၂ | ၂၇၄၉ |
| 95 Ron | ၂၇၆၁ | ၂၈၅၀ |
| HSD (500 ppm) | ၃၀၂၇ | ၃၁၁၈ |
| HSD (50 ppm) | ၃၃၇၂ | ၃၄၆၉ |
| HSD (10 ppm) | ၃၃၇၂ | ၃၄၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကမ္ဘာ့စားသုံးသူ
အခွင့်အရေးများနေ့
ဂုဏ်ပြုဆောင်းပါး

# ထုတ်ကုန်ဘေးကင်းလုံခြုံမှုမှသည် ယုံကြည်စိတ်ချစွာ စားသုံးနိုင်မည့်လူမှုဘဝ

ဆုလတ်မေ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသူ နိုင်ငံသားများ နေ့စဉ်ဖြတ်သန်းလျက်ရှိသည့် စားဝတ်နေရေး ကိစ္စရပ်များတွင်အသုံးပြုရသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးတန်ဖိုးရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှု စသည့် အချက်များ ပြည့်စုံမှုရှိမှသာ စားသုံးသူပြည်သူများ၏ လူနေမှုဘဝများ အစဉ်တည်တံ့မည်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရာရောက်မည်ဖြစ်သည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီ၏ အသိပညာ၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်ရှိမှုတို့သည် အဓိက အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံရှိပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် အာဟာရဆိုင်ရာသုတေသနများ၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ပြုမူရေးတို့ကို လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။

စားသုံးသူအသိပညာပေးရေးလှုပ်ရှားမှုများသည် စားသုံးသူကာကွယ်ရေးမူဝါဒများနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အရေးပါသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေမူဘောင်များ ချမှတ်ထားကြသော်လည်း ယင်းဥပဒေ မူဘောင်များကို နေရာတိုင်း၌ တစ်ချိန်တည်း တစ်ပြိုင်တည်း အသက်ဝင်လာစေရန်မှာ မလွယ်ကူပေ။

ထိရောက်သော စားသုံးသူကာကွယ်ရေးဖြစ်ရန် ကဏ္ဍများစွာ ပေါင်းစပ်အကောင်အထည်ဖော်ကြရသည်။ **မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက်ကို အာဆီယံနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိ**သည်။ ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားများစိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စားသုံးသူများ၏အခွင့်အရေးအား ဥပဒေအရကာကွယ်ပေးရန်စားသုံးသူကာကွယ်ရေး ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ **ဥပဒေအရ စားသုံးသူဟူသည် မိမိကိုယ်တိုင်သုံးစွဲရန် ကုန်စည်ဝယ်ယူသူများဖြစ်ပြီး ကုန်စည်အရည်အသွေး၊ အညွှန်းအမှတ်အသား လိမ်လည်မှုများနှင့်ပတ်သက်၍ နစ်နာပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်**သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများအားအသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားများစိစစ်ခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ မတ်လ ၁၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကိုလည်း ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိသည်။

> **ထုတ်ကုန်ဘေးကင်းလုံခြုံမှုဆိုသည်မှာ လူအများ အသုံးပြုသည့်အချိန်တွင် ထိခိုက်ဒဏ်ရာမဖြစ်စေဘဲ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန် ထုတ်လုပ်မှု အဆင့်မှစတင်၍ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းချခြင်းအထိ စံချိန်စံညွှန်းများလိုက်နာထားခြင်းကို ဆိုလိုသည်။ ထုတ်ကုန်တစ်ခုတွင်သုံးစွဲသည့်နည်းလမ်းများ၊ သတိပြုရန်အချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းသည်လည်း အရေးကြီး . . .**

**ထုတ်ကုန်ဘေးကင်းလုံခြုံမှု၏ အရေးပါမှု**

ယနေ့ခေတ် လူနေမှုဘဝတွင် အမျိုးမျိုးသော ထုတ်ကုန်များကို နေ့စဉ်အသုံးပြုလျက်ရှိကြသည်။ အစားအစာများ၊ ဆေးဝါးများ၊ လျှပ်စစ်ပစ္စည်းများမှစ၍ ကလေးကစားစရာများအထိ ထုတ်ကုန်တိုင်းသည် လူ့ဘဝနှင့် နီးစပ်စွာဆက်နွှယ်နေသည်။ ထိုသို့သောထုတ်ကုန်များကိုအသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုမရှိပါက လူအများ၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်။ ထုတ်ကုန်ဘေးကင်းလုံခြုံမှုဆိုသည်မှာ လူအများအသုံးပြုသည့် အချိန်တွင် ထိခိုက်ဒဏ်ရာမဖြစ်စေဘဲ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန် ထုတ်လုပ်မှုအဆင့်မှစတင်၍ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းချခြင်းအထိ စံချိန်စံညွှန်းများလိုက်နာထားခြင်းကို ဆိုလိုသည်။ ထုတ်ကုန်တစ်ခုတွင်သုံးစွဲသည့်နည်းလမ်းများ၊ သတိပြုရန်အချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းသည်လည်း အရေးကြီးသည်။ ထုတ်ကုန်ဘေးကင်းလုံခြုံမှုမရှိသောအခါ အစားအစာ အဆိပ်သင့်ခြင်းပြဿနာများဖြစ်ပေါ်နိုင်သည်။ ထိုသို့သောပြဿနာများသည် တစ်ဦးတည်းသာမက လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအထိ သက်ရောက်မှုရှိစေနိုင်သည်။

ထို့ကြောင့် **ထုတ်လုပ်သူများအနေဖြင့် ထုတ်ကုန်များကို စံချိန်စံညွှန်းနှင့်အညီထုတ်လုပ်ရမည်ဖြစ်ပြီး စမ်းသပ်စစ်ဆေးမှုများကို တိကျစွာပြုလုပ်ရမည်ဖြစ်**သည်။ စားသုံးသူများအနေဖြင့်လည်း ထုတ်ကုန်တံဆိပ်များ၊ သက်တမ်းကုန်ရက်များ၊ အသုံးပြုညွှန်ကြားချက်များကို သေချာစွာစစ်ဆေးပြီးမှသာ ဝယ်ယူအသုံးပြုသင့်သည်။

ထုတ်ကုန်ဘေးကင်းလုံခြုံမှုသည် စားသုံးသူ၊ ထုတ်လုပ်သူနှင့် စည်းမျဉ်းစည်းကမ်းချမှတ်သူအားလုံး၏တာဝန်ဝတ္တရားဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပြထားသည်။ စားသုံးသူများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို သိရှိနားလည်ပြီး အရည်အသွေးနိမ့်ကျသော ကုန်ပစ္စည်းများကို တိုင်ကြားခြင်းဖြင့် ဈေးကွက်အားစောင့်ကြည့်ရာတွင် အရေးပါသောကဏ္ဍမှပါဝင်နိုင်သည်။ ယုံကြည်စိတ်ချရသော စားသုံးသူဘဝဆိုသည်မှာ လက်တွေ့ကျသော မျှော်လင့်ချက်တစ်ခုသာမက ဥပဒေအရ အာမခံချက်ရှိသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ဥပဒေနှင့်အညီ စည်းမျဉ်းများ ပြီးပြည့်စုံစွာချမှတ်အကောင်အထည်ဖော်ခြင်း၊ စားသုံးသူများ၏ အသိပညာမြင့်တင်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ဖြင့်သာ ဘေးကင်းလုံခြုံသော ကုန်စည်များကိုရရှိသည့် စားသုံးသူ၏ ယုံကြည်စိတ်ချမှုကိုတည်ဆောက်နိုင်မည်ဖြစ်သည်။

**အလေးအနက်ထားဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံတွင် မတ်လ ၁၅ ရက်နေ့ကျရောက်တိုင်း ကမ္ဘာ့စားသုံးသူများနေ့အခမ်းအနားများကို ကျင်းပ၍ စားသုံးသူပြည်သူများ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်ပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခင်က ကုန်စည်ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများ၏ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိခြင်းကြောင့် စားသုံးသူပြည်သူ အမြောက်အမြားသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ရောဂါဆန်းများ၊ အသက်အန္တရာယ် ထိခိုက်ခြင်းများကို ခံစားခဲ့ရသည်။ အခြားဖွံ့ဖြိုးပြီးနိုင်ငံများရှိစားသုံးသူပြည်သူများကဲ့သို့ အခွင့်အရေးမရ၊ တိုင်တန်းရန်နေရာမရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ခံစားခဲ့ကြရသည်။ ယခုမူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တစ်နိုင်ငံလုံးလွှမ်းခြုံကာ အချိန်ယူအသိပညာပေးဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသဖြင့် စားသုံးသူများ၊ စားသုံးသူအခွင့်အရေးအရ ရရှိမည့် အကျိုးခံစားခွင့်များ၊ ကုစားပိုင်ခွင့်များကို ပိုမိုသိရှိလာကြသည်။ စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာကြသည်။ နစ်နာဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ တိုင်တန်းလာကြသည်။ စားသုံးသူအကာအကွယ်ပေးရေးအတွက် အလေ့အကျင့်ကောင်းများပိုမိုရရှိလာကြသည်။ စားသုံးသူအခွင့်အရေးများကို ပိုမိုနားလည်လာကြသည်။

အချုပ်အားဖြင့်ဆိုသော် ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတို့၏ နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလာကြသည်။ အစားအသောက်များကို လွယ်ကူစွာ စားသုံးလာကြသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း စားသုံးသူတို့၏ လိုအပ်ချက်များနှင့်အညီ အလွယ်တကူ အသင့်စားစားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာနှင့် ပြည့်စုံစေရန်၊ မျက်စိပသာဒရှိစေရန်တို့ကိုသာ ဦးစားပေး၍ ဈေးနှုန်းသက်သာသော တရားမဝင် ဓာတုဆေးဝါးများ၊ ခွင့်မပြုဓာတုဆိုးဆေးများကို လိုင်လိုင်သုံးကာ အသုံးပြုထုတ်လုပ်လာကြသဖြင့် ပြည်သူများသည် အရွယ်မတိုင်မီ ရောဂါဆန်းများဖြစ်ပွားခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ကြုံတွေ့လာရပြီး လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကိုပါထိခိုက်လာသည်အထိ ဖြစ်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။

> **ထုတ်ကုန်ဘေးကင်းလုံခြုံမှုသည် ပြည်သူလူထု၏ ကျန်းမာရေးနှင့်အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သော အရေးကြီးသည့် အခြေခံအချက်တစ်ချက်ဖြစ်သည်။ သို့ဖြစ်ရာ ဘေးကင်းလုံခြုံသောထုတ်ကုန်များကို အသုံးပြုခြင်းဖြင့် လူမှုဘဝကို ပိုမိုလုံခြုံစိတ်ချစေပြီး ယုံကြည်မှုရှိသော ဈေးကွက်စနစ်တစ်ရပ်ကို ဖော်ဆောင်နိုင် . . .**

ထုတ်ကုန်ဘေးကင်းလုံခြုံမှုသည် ပြည်သူလူထု၏ ကျန်းမာရေးနှင့်အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သော အရေးကြီးသည့် အခြေခံအချက်တစ်ချက်ဖြစ်သည်။ သို့ဖြစ်ရာဘေးကင်းလုံခြုံသော ထုတ်ကုန်များကို အသုံးပြုခြင်းဖြင့် လူမှုဘဝကို ပိုမိုလုံခြုံစိတ်ချစေပြီး ယုံကြည်မှုရှိသော ဈေးကွက်စနစ်တစ်ရပ်ကိုဖော်ဆောင်နိုင်စေရေး ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၃/ ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈ | အစား | ကြည်း ၃၂၈၃၅ |
| ဗိုလ်မှူးကြီး မင်းသူကျော် | | ဗိုလ်မှူးကြီး စိုးမိုးဝင်း |

(၂) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇ | အစား | ကြည်း ၃၀၃၃၉ |
| ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | | ဗိုလ်မှူးကြီး စိုးမင်းဦး |

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

# မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ်**

**တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ၁၅-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**သတင်းထုတ်ပြန်ချက်အမှတ် (၃/ ၂၀၂၆)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုမြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို စနစ်တကျနှင့် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ကော်မရှင်ဥပဒေရေးဆွဲခဲ့ရာတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပါရီအခြေခံမူများနှင့်ကိုက်ညီစေရန် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights – OHCHR)၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Asia–Pacific Forum of National Human Rights Institutions – APF) နှင့် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law – RWI တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ ဥပဒေပညာရှင်များ၏အကြံဉာဏ်များရယူ၍ ကော်မရှင်ဥပဒေ (မူကြမ်း) ကို ၁ နှစ်နှင့် ၆ လနီးပါး အချိန်ယူရေးဆွဲပြုစုခဲ့ပြီး ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းခြင်း၊ ပြည်တွင်းဥပဒေပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ချပြဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်သည် ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်မှ ယနေ့အထိ ၁၅ နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေ့လုပ်ငန်းစဉ်မူဘောင်၊ နှစ်ရှည်မဟာဗျူဟာစီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်ယန္တရားအသီးသီးမှ တာဝန်ရှိသူများအပါအဝင် အလွှာအသီးသီးမှ ပြည်သူများအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ သင်ခန်းစာများပို့ချခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူ့အခွင့်အရေးပညာပေးစာစောင်များ၊ ဗီဒီယိုများထုတ်ဝေဖြန့်ချီခြင်းတို့ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် လူသားအားလုံး၊ နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမည့် လူ့အခွင့်အရေး "စံနှုန်း" များပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာစကား (၃၀) မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ချီခြင်း၊ အမြင်အာရုံချို့တဲ့သူများအတွက် မျက်မမြင်လက်စမ်းဘာသာ (Braille) ဖြင့် ပြုစုဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုအနေဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများကိုစိစစ်၍ တိုင်ကြားစာပါ နစ်နာမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ကာ ကုစားမှုများဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးပြီး အကြံပြုချက်များပေးပို့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်၏အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုဖြင့် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အခြေခံအခွင့်အရေးများ ပိုမိုပြည့်ဝစွာ ရရှိခံစားနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကော်မရှင်ပေါ်ပေါက်လာပြီးနောက် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights – ICESCR) နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict – CRC–OP–AC) တို့ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကော်မရှင်က အကြံပြုတိုက်တွန်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံက ယင်းစာချုပ်များတွင် ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ပြည်တွင်းတည်ဆဲဥပဒေများနှင့် ဥပဒေမူကြမ်းများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့်လိုက်လျောညီထွေမှုရှိစေရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုချက်များကို သက်ဆိုင်ရာသို့ပေးပို့ခဲ့ရာ တိုးတက်ဖြစ်ပေါ်မှုများရရှိခဲ့ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အနက် စာချုပ်(၇)ခု နှင့် နောက်ဆက်တွဲစာချုပ် (၅) ခုတို့ကိုကော်မရှင်က မြန်မာဘာသာပြန်ဆို၍ ပုံနှိပ်ဖြန့်ချီခဲ့ပါသည်။

ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သဘောထားအမြင်များကို ပြည်သူများသိရှိနိုင်စေရန်အတွက် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့်သတင်းစာများ၊ ကော်မရှင် website နှင့် Myanmar National Portal တို့မှတစ်ဆင့် သတင်းထုတ်ပြန်ချက်များထုတ်ပြန်လျက်ရှိရာတွင် ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများအစရှိသည့် ထိခိုက်လွယ်အုပ်စုဝင်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တိုက်တွန်းအားပေးသည့် ထုတ်ပြန်ချက်များ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်ရှင်သန်ခွင့်အစရှိသည့် လူ့အခွင့်အရေးဆိုင်ရာအခြေအနေများနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ ကော်မရှင်၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသော ထုတ်ပြန်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့ရက်များအား ကြိုဆိုသော ထုတ်ပြန်ချက်များ စသည်တို့ကိုထုတ်ပြန်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားများကို နိုင်ငံတော်အဆင့်အခမ်းအနား (၄) ကြိမ်အပါအဝင် နှစ်စဉ်ကျင်းပခဲ့ပါသည်။

ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ) အရ ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် အစည်းအဝေးများတက်ရောက်ခြင်း၊ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် လူ့အခွင့်အရေးဆိုင်ရာသင်တန်းများတက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ကော်မရှင်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation – MOC) ကို လက်မှတ်ရေးထိုးခဲ့ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကော်မရှင်သည် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ တာဝန်တစ်ရပ်ဖြစ်သော လူ့အခွင့်အရေးရှုထောင့်မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို မကြာမီက အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ အပိုင်း ၃ ပိုင်းလုံးတွင် ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် နိုင်ငံသားများ၏အခွင့်အရေးဆိုင်ရာ အကြံပြုချက်များပါဝင်သော အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။

ကော်မရှင်သည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ နိုင်ငံတော်၏လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သောနှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ပြီး လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့်အထူးအစီရင်ခံစာများကိုလည်း နိုင်ငံတော်သမ္မတထံတင်ပြခဲ့ပါသည်။

ကော်မရှင်သက်တမ်း ၁၅ နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၊ မန္တလေးငလျင်ကြီးနှင့် မိုခါမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံ၏အရေးပေါ်အခြေအနေများ၊ ပြည်တွင်းမငြိမ်သက်မှုများ စသည့်အခက်အခဲများကြုံတွေ့ခဲ့ရပြီး ယင်းအခြေအနေများတွင်ပင် ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် နိုင်ငံသူနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်**

# အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူခွင့်ရရှိနေသော မော်တော်ယာဉ်များအနေဖြင့် ပြည်သူများအတွက်အကျိုးရှိထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်




နေပြည်တော် မတ် ၁၅

စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေးအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အရောင်းဆိုင်များမှ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့များ ရောင်းချပေးလျက်ရှိရာ ပြည်သူများ အမှန်တကယ်အကျိုးခံစားခွင့်ရရှိစေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယ်ဇာတရေးရာဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် စက်သုံးဆီဖြိုးခြွေတာနိုင်ရေး၊ အရန်စက်သုံးဆီပမာဏပိုမိုသိုလှောင်နိုင်ရေး၊ စက်သုံးဆီတင်သွင်းသည့် အရန်လမ်းကြောင်းများအား ရှာဖွေရေး၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း၊ စက်သုံးဆီဖြိုးခြွေတာနိုင်ရေးတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးသည် အဓိကကျပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များသို့ သဘာဝဓာတ်ငွေ့(CNG)များကို မပြောင်းလဲသော ဈေးနှုန်းဖြစ်သည့် ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ရောင်းချပေးနေကြောင်း၊ ယင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ခန့်သက်သာနေကြောင်း၊ စက်စွမ်းအား တူညီသည့် မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်နှင့် CNG တို့အား တူညီခရီးအကွာအဝေးအတွက် လောင်စာဆီကုန်ကျစရိတ်ကို နှိုင်းယှဉ်ပါက CNG သည် သုံးပုံတစ်ပုံခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ CNG သုံး Taxi ယာဉ်များအနေဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးထားသည့် အခွင့်အရေးကို ပြည်သူများခံစားခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ CNG Taxi သုံးယာဉ်များအား စီးနင်းကြသည့် ပြည်သူများအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်းကြီးမြင့်မှုကို အခွင့်အရေးယူ၍ ငှားရမ်းခတိုးမြှင့်တောင်းခံခြင်းများကြုံတွေ့ရ၍ တိုင်ကြားလာပါက CNG သုံးစွဲခွင့်စာရင်းမှပယ်ဖျက်၍ သုံးစွဲခွင့်တောင်းခံထားသည့် အခြားမော်တော်ယာဉ်များကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ YBS ယာဉ်များအနေဖြင့်လည်း အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုထားသည့် လမ်းကြောင်းများအတွင်း၌သာ မောင်းနှင်၍ ဝန်ဆောင်မှုပေးကြရန် လိုအပ်ကြောင်း၊ မကြာမီအချိန်အတွင်း CNG အသုံးပြုနေသည့် မော်တော်ယာဉ်များတွင် Metering စနစ်တပ်ဆင်ခြင်း၊ နည်းပညာအသုံးပြု၍ ထိန်းချုပ်ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG)ကို ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ CNG သုံးယာဉ်များအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိစွာဝန်ဆောင်မှုပေးစေရေးတင်းကျပ်စွာကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

CNG သုံးယာဉ်များနှင့်စပ်လျဉ်း၍ အများပြည်သူအနေဖြင့် ကျေနပ်မှုမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါကြောင်း သိရသည်။

**တိုင်ကြားရန်ဖုန်း**

**ညွှန်ကြားရေးမှူး(CNG)–09 794115410**

**09 262467077**

**မြဝတီ**

**မော်တော်ယာဉ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် CNG တို့ကို အသုံးပြုမောင်းနှင်၍ လောင်စာဆီသုံးစွဲမှုနှုန်းနှင့် ကုန်ကျစရိတ်တို့အား နှိုင်းယှဉ်တင်ပြခြင်း**

| စဉ် | မော်တော်ယာဉ် အမျိုးအစား | အင်ဂျင် ပါဝါ | လောင်စာဆီ အမျိုးအစား | လောင်စာဆီ အသုံးပြုမှုနှုန်း | လောင်စာဆီ ဈေးနှုန်း | ၁၀၀ ကီလိုမီတာ မောင်းနှင်ခြင်း | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကုန်ကျငွေ (ကျပ်) | ကုန်ကျမှု % (ဓာတ်ဆီနှင့် နှိုင်းယှဉ်ခြင်း) | ကုန်ကျမှု % (ဒီဇယ်ဆီနှင့် နှိုင်းယှဉ်ခြင်း) |
| ၁ | Mark II 99 | ၂၀၀၀ စီစီ | 95 RON Gasoline | ၈.၉၉ ကီလိုမီတာ/ လီတာ | ၂,၅၉၅ ကျပ်/ လီတာ | ၂၈,၈၆၅ | - | - |
| ၂ | Mark II 99 | ၂၀၀၀ စီစီ | Premium High Speed Diesel | ၉.၉၁ ကီလိုမီတာ/ လီတာ | ၂,၉၀၅ ကျပ်/ လီတာ | ၂၉,၃၁၄ | - | - |
| ၃ | Mark II 99 | ၂၀၀၀ စီစီ | CNG (နိုင်ငံတော်မှ စိုက်ထုတ်ပေးသည့်ဈေးနှုန်း) | ၁.၈၅၄ ကီလိုမီတာ/ လီတာ | ၁၈၂ ကျပ်/ လီတာ | ၉,၈၁၇ | ၃၄ % | ၃၃ % |



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ အမျိုးသားပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

❒ ရှေ့ဖုံးမှအဆက်

ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများကိုသွားရောက်လေ့လာခဲ့ကြပြီးအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ခေတ်အဆက်ဆက်မှ အသုံးပြုခဲ့သော သမိုင်းဝင်လက်နက်များနှင့် အသုံးအဆောင်ပစ္စည်းပြကွက်များကိုသွားရောက်လေ့လာကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သားသူရဲကောင်းများအား ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (၁၀၀)



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ သူရဲကောင်းဗိမာန်(နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ကျဆုံးလေပြီးသော တပ်မတော်သားသူရဲကောင်းများအား ဂါရဝပြုအလေးပြုကြစဉ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခုကိုခွင့်ပြု

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်လေးခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၁ ခုတို့ကိုလည်းကောင်းခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၀၃ သန်းနှင့် ကျပ် ၁၉၅၅၅၂၆ ဒသမ ၉၅၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၆၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးမော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ခြင်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ လက်ကိုင်ဖုန်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆိုလာပြားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ပိုက်ကျော်ခြင်းလိဂ် ၂၀၂၆ ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ရွှေသံလွင်မီဒီယာတို့ပူးပေါင်းပြုလုပ်သည့် (Myanmar Sepaktakraw League) ပိုက်ကျော်ခြင်းလိဂ် ၂၀၂၆ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ရွှေသံလွင်မီဒီယာမှ တာဝန်ရှိသူများ၊ နည်းပြများနှင့် ပြိုင်ပွဲအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ကလပ်အသင်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ ရွှေသံလွင်မီဒီယာမှ အားကစားတာဝန်ခံက ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပထမနေ့ပွဲစဉ်များယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းလိဂ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၁၄ ရက်မှ ဧပြီလ ၅ ရက်အထိ ကျင်းပပြီး အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲသို့ အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲဝင်အသင်း ငါးသင်း၊ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

၂၀၂၆ ခုနှစ်မတ်လ ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရုံးအမှတ် (၅၂) ၌ ကျင်းပသည်။




ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာစားသုံးသူများအဖွဲ့အစည်းက သတ်မှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် “ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ” (Safe Products, Confident Consumers) ဆောင်ပုဒ်နှင့်အညီ ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမင်းမင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသူများသည် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသမှု၊ ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မရှင်အဖွဲ့ဝင်များအား အထိမ်းအမှတ်လက်ဆောင်များပေးအပ်ခြင်း၊ ခေတ်မီ Digital နည်းပညာကိုအသုံးပြု၍ မြန်မာဆန်စပါးအွန်လိုင်း MyRo ကိုအကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ဝန်ထမ်းကျင့်ဝတ်အပါး ၃၀ ရွတ်ဆိုမှုပြိုင်ပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှုပြိုင်ပွဲများတွင် ဆုရရှိသည့် ဝန်ထမ်းများကိုလည်းကောင်း အသီးသီးဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

**လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲကျင်းပ



**နေပြည်တော် မတ် ၁၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဖီ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တက်ရောက်လာသူများနှင့်အတူ ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသိရသည်။

မြဝတီ

# လျှပ်စစ်ကား (EV) သုံးစွဲမှုမြင့်တက်လာမှုအတွက် သင်တန်းများတိုးချဲ့ဖွင့်လှစ်ပြီး နည်းပညာရှင်များမြှင့်တင်မွေးထုတ်

**နေပြည်တော် မတ် ၁၅**

EV Mechanics (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်သူများ၏ လျှပ်စစ်ကား(EV)သုံးစွဲမှုများ သိသာစွာတစ်ရှိန်ထိုး မြင့်တက်လာကြောင်း၊ သို့ဖြစ်ရာ သင်တန်းဆင်းများသည် လျှပ်စစ်ကားကို ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ကာ အကျိုးကျေးဇူးများကို ရရှိနိုင်စေရေးတို့အတွက် နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ယင်းအပြင် ပြည်သူများနှင့်လုပ်ဖော်ကိုင်ဖက်များ၏လက်ဝယ်အရောက် အသိပညာများကို ဖြန့်ဝေပေးသွားရန်၊ နိုင်ငံ့အကျိုးပြု EV နည်းပညာရှင်များ အမှန်တကယ်ဖြစ်စေရေးအတွက် သင်တန်းမှပို့ချသော နည်းပညာများကိုအခြေခံပြီး စဉ်ဆက်မပြတ် လေ့လာသွားရန်လိုအပ်ကြောင်း။




သင်တန်းတာဝန်ခံများသည် သင်တန်းများကို အရည်အသွေးစံနှုန်းများ ပြည့်မီအောင် စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ သင်တန်းနည်းပြများသည် ဖွံ့ဖြိုးမှုနှုန်းမြန်ဆန်နေသော EV နည်းပညာအရွေ့များနှင့်အတူ လိုက်ပါနိုင်ရေးအတွက် အစဉ်လေ့လာကြပြီး EV နည်းပညာစွမ်းရည်များနှင့် လေ့ကျင့်ပြသနိုင်မှုအရည်အသွေးများကို ပုံမှန်ဆန်းစစ်သုံးသပ်ကာ မွမ်းမံသွားကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း) ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းဆင်းတစ်ဦးက သင်တန်းဆင်းများကိုယ်စား သင်တန်းအတွေ့အကြုံများကို ပြောကြားသည်။

၂၀၂၂ ခုနှစ်မှစ၍ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီသည် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တို့တွင်လည်းကောင်း၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ မော်တော်ယာဉ်သုတေသနဌာန(ပြင်ဦးလွင်)တွင်လည်းကောင်း EV နည်းပညာသင်တန်းများကိုဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် သင်တန်းတစ်မျိုးတည်းကို ဖွင့်လှစ်ကာ သင်တန်းဆင်း ၃၅ ဦးသာ မွေးထုတ်ပေးနိုင်ခဲ့ရာမှ ယမန်နှစ်မှစ၍ EV နည်းပညာသင်တန်းကိုးမျိုးအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့အထိ သင်တန်းဆင်း ၉၀၀ ဦးမွေးထုတ်ပေးနိုင်ပြီဖြစ်ကာ နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူများနှင့် EV လုပ်ငန်းရှင်များ၏တက်ရောက်နိုင်မှုနှင့် ဆန္ဒရှိသည့် နည်းပညာတို့အပေါ်မူတည်၍ စိတ်ကြိုက်သင်တန်းများကိုပါ စဉ်ဆက်မပြတ် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်နေကြာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် တောင်သူများစိုက်ပျိုးထားသည့် မျိုးမြှင့်တင်ပေးထားသော ဆင်းရွှေကြာ-၂ နေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံပြီး နေကြာသီးနှံကိုစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ပျိုးရာသီတိုင်း မျိုးနေကြာကိုဝယ်ယူရန်မလိုဘဲ တောင်သူကိုယ်တိုင် မျိုးရွေးချယ်မြှင့်တင်နည်းဖြင့် စိုက်ပျိုးနိုင်သည့် သဘာဝဝတ်မှုံကူးနိုင်သောမျိုးကို ဈေးနှုန်းချိုသာစွာ စိုက်ပျိုးနိုင်ကြောင်း၊ ဤနည်းစနစ်တွင် အပွင့်အရွယ်အစားနှင့် အထွက်တိုးလက္ခဏာနှင့်ပြည့်စုံသော အပင်ပုံစံတို့ကိုရွေးချယ်၍ မျိုးစေ့သိမ်းဆည်းပြီးနောက် စိုက်ပျိုးရာသီတွင် ပြန်လည်စိုက်ပျိုး၍ နှစ်စဉ်မျိုးထိန်းမြှင့်တင်သွားရန်၊ စိုက်ပျိုးရာဒေသနှင့်ကိုက်ညီမည့် အပင်များကို ဂရုတစိုက်ရွေးချယ်စိုက်ပျိုးထုတ်လုပ်ကြရန်၊ "နေကြာစိုက်ပါ ပျားမွေးပါ၊ ပျားရည်လည်းရ ဆီလည်းရ" "နေကြာနှင့်ပျား တူယှဉ်ထား ဂေဟစီးပွားအကျိုးများ" ဆိုသည့်အတိုင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့စိုက်ကွင်း၌ ပြည်ပမှတင်သွင်းသော မျိုးသုံးမျိုး၏ ဝတ်မှုံများနှင့် မျိုးကူးထားသည့် ဆင်းရွှေကြာ (၃)(ပရိ) စိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်နေကြာ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ နေကြာစိုက်ပျိုးသည့်ဧရိယာနှင့် မျိုးစေ့လိုအပ်ချက် ဟန်ချက်ညီဆောင်ရွက်ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ မျိုးစေ့ထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးအရ တွက်ခြေကိုက်သည့် လုပ်ငန်းအဖြစ် ရေရှည်လုပ်ကိုင်ဆောင်ရွက်ရေးအတွက် နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၅°C |
| ရန်ကုန် | ၂၁°C | / | ၃၅°C |
| မန္တလေး | ၂၆°C | / | ၃၇°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Another 69 foreign nationals who illegally entered Myanmar apprehended near Maehtawthalay Village, Myawady Township

NAY PYI TAW March 15

The Myanmar government is actively conducting operations to eradicate online scam gambling, in coordination with domestic forces and neighbouring governments, to ensure such activities cannot establish a foothold within the country. Joint departmental teams in various regions and states are also meticulously inspecting and taking action against online scam gambling and preventing the illegal entry and stay of foreign nationals.

In the course of these ongoing operations, following a tip-off that illegal foreign nationals were hiding near Maehtawthalay Village, Myawady Township, Kayin State, joint teams comprising security personnel, administrative bodies, and relevant departmental officials conducted a search. On March 14, they were able to uncover and detain 86 illegal foreign nationals.

Similarly, today, based on information that illegal foreign nationals were hiding approximately 650 meters east of Maehtawthalay Village, Myawady Township, joint teams comprising security personnel, administrative bodies, and relevant departmental officials conducted a search around 12:00 noon. They apprehended an additional 69 illegal foreign nationals hiding in a forest area near that location. The detainees include 63 Chinese men and two Chinese women, one Vietnamese man, one Malaysian woman, one Russian woman, and one Lao woman.



69 foreign nationals who illegally crossed the border apprehended near Maehtawthalay Village, Myawady Township.

The 69 foreign nationals who illegally crossed the border are being held in Myawady. Relevant departmental joint teams are carrying out necessary procedures, including collecting personal information and documentation, and are making arrangements to repatriate them to their respective countries in accordance with established protocols. **100**

# Pigeon pea harvested in Dabayin Township

DABAYIN March 15

According to the statistics of YeU District Agriculture Department, local farmers harvested all plantations of pigeon pea in Dabayin Township of Sagaing Region this year.

In Dabayin Township, a total of 19,007 acres of pigeon pea were cultivated during the monsoon cropping season, according to reports. Harvesting of the pigeon pea fields began in December 2025, and all cultivated acreage has now been fully harvested, with an average yield of 17.02 baskets per acre.

"In Dabayin Township, pigeon pea has been cultivated on 19,007 acres. All of these pigeon pea fields have now been completely harvested," said U Zaw Myint Htun, Head of the District Department of Agriculture in YeU District. "Measures have also been taken to ensure good yields. Pigeon pea is cultivated both as a standalone crop and as an intercropped crop," he said.

In Dabayin Township, the Township Department of Agriculture is providing field-level extension services to pigeon pea farmers, including guidance on the selection and cultivation of quality seeds, proper cultivation methods, pest control, and practices to improve crop yields.

The Township Department of Agriculture is also disseminating techniques for the combined use of urea and potash fertilizers to help pigeon pea farmers reduce the cost of foliar fertilizer purchases. Due to the use of urea and potash fertilizers, production costs have been reduced, plants are less affected by pests, and crop growth has improved. **SK**

# Htigyaing Township grows groundnut more than target cultivation

HTIGYAING March 15

According to Htigyaing Township Agriculture Department of Sagaing Region, local farmers expanded sown acreage of groundnut in township this year.

During the 2025-2026 winter cropping season, Htigyaing Township planned to cultivate 12,280 acres of groundnut. Planting began in October 2025, and as of now, cultivation has been completed on 22,711 acres, according to reports.

"In Htigyaing Township, more than 12,000 acres of groundnut were initially planned, and cultivation has already been completed on more than 22,000 acres. We were able to expand cultivation beyond the original target. Groundnut cultivation has been successful and is in a favorable condition as an oil crop. Groundnut production has been increasing year by year," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, groundnut cultivation requires one and a half baskets of seed per acre. Including the cost of seed, labor, fertilizers, and pesticides, production costs exceed Ks-200,000 per acre, and yields are reported to exceed 50 baskets per acre.

To ensure successful crop development, prevent pest and disease infestations, and keep fields free of weeds, staff members from the Township Department of Agriculture are conducting field inspections, monitoring conditions, and keeping field records in groundnut farms. **SMK**

# Mawlaik District cultivates over 3,000 acres of winter soybeans

MAWLAIK March 15

More than 3,000 acres of soybeans have been planted in Mawlaik District during this year winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 7,600 acres of soybeans have been planted in Mawlaik District. They have been planted since October last year. To date, a total of 3,143 acres: 115 acres in Mawlaik Township and 3028 acres in Phaungpyin Township, have been planted.

In the 2025-2026 winter crops planting season, the township-wise allocation for soybean cultivation in Mawlaik District is 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totalling 7,600 acres. **SMK**

# Hinthada Township sends large volume of Aung Naing Toe paddy to Yangon market



HINTHADA March 15

Local merchants from Hinthada Township of Ayeyawady Region shipped a large volume of Aung Naing Toe paddy to Yangon market said Daw Thin Thin Aye, the owner of rice and paddy trading depot in Hinthada Township.

From Hinthada Township to the Yangon market, up to 55,000 baskets of Aung Naing Toe paddy were shipped and sold. It is reported that the market price for this paddy variety is 1,530,000 kyat per 100 baskets.

"During the past month, we were able to ship and sell a large volume of Aung Naing Toe paddy. From this area, agricultural products are being shipped mostly to the Yangon market. Aung Naing Toe is a paddy variety classified under the coarse group. Although it is considered coarse, it is favored by many consumers and is good for eating. There are also many ongoing linkages from the Yangon market this month to purchase large quantities of Aung Naing Toe paddy," said Daw Thin Thin Aye, a rice and paddy trading depot owner from Hinthada Township.

Due to the large volume of Aung Naing Toe paddy shipped and sold from Hinthada Township to the Yangon market over the past month, it is reported that employment opportunities have been created for farmers, traders, loading and unloading workers, and truck rental operators. **SK**

# Sown acreage of vegetables exceeds target cultivation in Kalewa Township



KALEWA March 15

According to the statistics of Kalewa Township Agriculture Department of Sagaing Region, local farmers planted larger sown acreage of vegetables in the township last year.

During the 2025-2026 winter cropping season, 2,172 acres of vegetables were planned for cultivation in Kalewa Township. Planting began in October last year, and as of today, 2,516 acres have already been cultivated, according to reports.

"In Kalewa Township, vegetables were planned to be grown on 2,172 acres, but cultivation has already been completed on 2,516 acres. We have been able to expand beyond the original target area. The crops include mustard greens, chilies, spices, potatoes, cabbage, eggplant, and cauliflower. Technical guidance has been provided to farmers so that all vegetables can be cultivated under the GAP (Good Agricultural Practices) system. We have also provided techniques to ensure that vegetables are grown in a health-friendly manner with minimal chemical residues," said U Myo Naing, Township Officer of the Kalewa Township Department of Agriculture.

In Kalewa Township, the Township Department of Agriculture is providing technical training to vegetable farmers on cultivation using GAP methods, offering guidance to ensure that vegetables produced from farms meet health standards, and supporting efforts to encourage farmers to expand vegetable cultivation.

Vegetables of various types are cultivated seasonally every year in Kalewa Township. It is reported that these vegetable crops have been successfully grown, generating household income for farmers. The Township Department of Agriculture is also providing awareness and training to prospective vegetable growers on proper cultivation methods, pest prevention, and the production and use of organic fertilizers, natural pesticides, and pest-repellent solutions. **SK**

# KhinU Township completes cultivation of green gram as cold season crops

KHINU March 15

Local farmers finished cultivation of green gram in KhinU Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 winter cropping season, 6,515 acres of green gram were planned for cultivation in KhinU Township. Planting began in October 2025, and as of today, 6,344 acres have already been cultivated, according to reports.

"During the winter cropping season in KhinU Township, green gram was planned to be grown on 6,515 acres, and cultivation has been completed on 6,344 acres so far. Efforts are being made to meet the full targeted acreage. Green gram cultivation has been increasing year by year. With regard to green gram cultivation, extension activities are being carried out to encourage expanded cultivation, and farmers are being educated on the use of quality seeds to achieve good yields," said U Nay Win Naing, Township Head of the KhinU Township Department of Agriculture.

In KhinU Township, the relevant Township Department of Agriculture is providing farmers cultivating green gram with extension support on access to quality seeds suitable for local conditions, correct cultivation practices, pest control, systematic use of chemical fertilizers, and measures to improve yields.

During this year's winter cropping season, in cultivating various pulse crops, the Department is working in cooperation with farmers to provide quality seeds, agricultural inputs, post-harvest technologies, and other support needed to ensure good yields and quality of pulse crops. **SMK**

# Chickpea sown acreage expanded in Wetlet Township

WETLET March 15

According to Wetlet Township Agriculture Department of Sagaing Region, local farmers could grow chidkpea on the larger sown acreage than the target cultivation in the township this year.

During the 2025-2026 winter cropping season, 54,327 acres of chickpea were planned for cultivation in Wetlet Township. Planting began in October 2025, and as of now, 55,988 acres have already been planted, according to reports.

"During the winter cropping season in Wetlet Township, chickpeas were planned to be cultivated on 54,327 acres, but planting has been completed on 55,988 acres. Chickpea cultivation has been increasing year by year. To ensure good yields and quality of pulses, we have worked together with farmers to provide quality seeds, agricultural inputs, and post-harvest technologies," said Daw Kyin San, Township Officer of the Wetlet Township Department of Agriculture.

It is reported that chickpea varieties Yezin-8 and Yezin-11, which are well suited to local conditions and produce good yields, are being selected for cultivation. Growing chickpeas costs more than Ks-300,000 per acre.

During the winter cropping season in Wetlet Township, various pulse crops are being cultivated. To improve yields and quality, the necessary quality seeds, inputs, and post-harvest technologies are being implemented in cooperation with farmers. In addition, awareness-raising and extension activities are being carried out in coordination with lead farmers to encourage the use of beneficial Trichoderma fungi during pulse cultivation.

Sagaing Region is the leading region nationwide in terms of cultivated area for pulse production. Pulses can be grown as a main crop as well as through multiple and intercropping systems, and as a result, farmers are cultivating pulses as income-generating crops, it is reported. **SMK**

# Securing Hormuz Strait should be ‘a team effort’ – Trump

WASHINGTON March 15

Countries that receive oil through the Strait of Hormuz “must take care” of securing it, US President Donald Trump said in a post on Truth Social late on Saturday, adding that Washington “will help – A LOT!”


The US and Israel began coordinated strikes on the Islamic Republic in late February, triggering Iranian retaliatory attacks across the region. The escalating crisis has effectively shut down the Strait of Hormuz, which carries about one-fifth of the world’s daily oil and gas supply, after Tehran barred vessels from countries it considers hostile, sending global crude prices up nearly 50 percent to about US$-120 a barrel.

In an earlier post the same day, Donald Trump said he hoped “China, France, Japan, South Korea, the UK and others affected by this artificial constraint will send ships to the area.”

“In the meantime, the United States will be bombing the hell out of the shoreline, and continually shooting Iranian Boats and Ships out of the water,” he wrote.

Western nations have begun bolstering their military presence in the region. Britain is considering additional deployments to the Gulf after Iran stepped up attacks on vessels, Defence Secretary John Healey said, adding that the UK already has autonomous mine-hunting systems in the area.

The French Navy is reportedly deploying about a dozen vessels, including an aircraft carrier strike group, to the Mediterranean, the Red Sea and potentially the Strait of Hormuz as part of defensive support for allies threatened by the conflict.



Iranian Foreign Minister Abbas Araghchi said on Saturday that the strategically vital strait remains operational for international shipping, but vessels linked to the US and Israel are not permitted to pass through the waterway. He emphasized that other nations remain free to navigate the passage.

Last week, an India-bound oil tanker sailing under a Liberian flag passed through the Strait of Hormuz and berthed in Mumbai. **RT**

# 6 killed, 55 injured in 4 road accidents in Algeria

ALGIERS March 15

Six people were killed and 55 others injured early Sunday in four separate road accidents in northern Algeria amid bad weather, the Algerian Civil Protection Department said.

The deadliest accident occurred in the Merdoud area of M’sila province, about 240 km southeast of Algiers, where a semi-trailer collided with a passenger bus, leaving five people dead and 38 others injured.

In a separate accident, a collision between a bus and a car killed one person and injured another in the northeastern province of Annaba.

The other two accidents this morning each injured eight people, including one in critical condition.

Algeria records up to 4,000 fatalities due to traffic accidents each year, according to official statistics. **Xinhua**



# 22 injured in Moscow tram collision

MOSCOW March 15

The number of people injured in a collision of trams in northwestern Moscow has risen to 22, the capital’s traffic police said on Sunday.

Earlier reports said the crash occurred at around 09:30 Moscow time (0630 GMT) on Vodnikov Street and involved two trams traveling on Route No. 6. About 70 people were on the trams at the time.

A technical malfunction caused one tram to derail and collide with another, said the press service of the Moscow Main Directorate under the Ministry of Internal Affairs.

Law enforcement officials said 11 of the injured are in serious condition.

The Moscow prosecutor’s office has taken over the investigation of the accident. A special commission, including experts from the Moscow Metro and the tram manufacturer, will determine the causes of the crash, said the Moscow Metro press service.

**Xinhua**

# 2 Kushan-era archaeological sites unearthed in N. Afghanistan

KABUL March 15

Archaeologists have discovered two archaeological sites dating back around 2,000 years to the influential Kushan Empire in northern Afghanistan’s Baghlan province, local authorities announced Sunday.

Asadullah Mustafa Hashemi, provincial director of the information and culture department, confirmed that the sites were located in the Baghlan-e-Markazi district.

The preliminary surveys conducted in coordination with archaeologists from the Ministry of Information and Culture revealed the remains of mud-brick and pakhsa (rammed-earth) walls, fragments of distinctive ash-grey pottery, and scattered bone remains, according to Hashemi.

The finds are consistent with the Kushan era, confirming the sites are roughly 2,000 years old, said the official.

Officials noted that with these latest additions, about 120 historical and archaeological sites have now been identified and formally registered with the Ministry of Information and Culture in Baghlan province. **Xinhua**

# U.S. strikes over 90 military targets on Iran’s Kharg Island: CENTCOM

WASHINGTON March 15

The U.S. forces “executed a large-scale precision strike” on Kharg Island, a key oil export hub of Iran, on Friday night, the U.S. Central Command (CENTCOM) claimed on Saturday.

“U.S. forces successfully struck more than 90 Iranian military targets on Kharg Island, while preserving the oil infrastructure,” CENTCOM said in a post on X.

The strike destroyed naval mine storage facilities, missile storage bunkers, and multiple other military sites, the post said.

Kharg Island lies in the Persian Gulf about 25 km off Iran’s coast and accounts for about 90 percent of Iran’s crude exports.

U.S. President Donald Trump said Friday night on social media that the bombing “totally obliterated” the military targets in Kharg Island, and threatened to target the strategic island’s oil infrastructure if shipping through the Strait of Hormuz is disrupted.

In response, Seyed Abbas Araghchi, Iran’s foreign minister, warned Saturday that any attack on Iran’s oil and energy infrastructure would trigger retaliation against regional facilities linked to U.S. companies. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 45 it is said that … he is said to … he is supposed to …

## Exercises

**45.1 Write these sentences in another way, beginning as shown. Use the underlined word each time.**

1 It is expected that the strike will end soon.
The strike is expected to end soon.
2 It is reported that many people are homeless after the floods.
Many people ……………………………………………………………
3 It is thought that the thieves got in through a window in the roof.
The thieves …………………………………………………………………… .
4 It is alleged that the driver of the car was driving at 110 miles an hour.
The driver …………………………………………………………………………… .
5 It is reported that the building has been badly damaged by the fire.
The building ………………………………………………………………………… .
6 It is said that the company is losing a lot of money.
The company ………………………………………………… .
7 It is believed that the company lost a lot of money last year.
The company ……………………………………………………………
8 It is expected that the company will make a loss this year.
The company ……………………………………………………………

**45.2 Complete the sentences. Use the words in brackets and any other necessary words.**

1 a: What's the City Hotel like? Can you recommend it?
b: I've never stayed there, but it's supposed to be (it / supposed) very good.
2 a: How much are these paintings worth?
b: I'm not sure, but …………………………………… (they / supposed) very valuable.
3 a: This looks an interesting building.
b: Yes, …………………………………………………… (it / supposed) a prison a long time ago.
4 a: Is it true that your neighbours were lucky in the lottery?
b: Yes, …………………………………………………… (they / supposed / win) a lot of money.
5 a: Is it possible to climb to the top of the tower?
b: Yes, …………………………………………………… (the view / supposed) very nice.
6 a: I heard that Laura has gone away.
b: Yes, …………………………………………………… (she / supposed / living) in London now.

**45.3 Write sentences using supposed to be + the following:**

**on a diet   a flower   my friend   a joke   open every day   ~~a secret~~   working**

1 How is it that everybody knows about the plan? It's supposed to be a secret.
2 You shouldn't criticise me all the time. You ………………………………………… .
3 I shouldn't be eating this cake really. I ………………………………………………… .
4 I'm sorry for what I said. I was trying to be funny. It ……………………………….
5 What's this drawing? Is it a tree? Or maybe it ……………………………………….
6 You shouldn't be playing a game now. ………………………………………………… .
7 That's strange. The museum seems to be closed. ………………………………………………

**Raymond Murphy**

## ကော်ဖီသောက်ခြင်းက အရွယ်ရလာချိန်တွင် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်



ကော်ဖီသောက်တာက အရွယ်ရောက်လာချိန်မှာ ဦးနှောက်ကျန်းမာရေးကိုများစွာ အထောက်အကူပြုနိုင်ပြီး အသက်ကြီးလာတဲ့အခါဖြစ်တတ်တဲ့ သူငယ်ပြန်ရောဂါကို ကာကွယ်ပေးနိုင်တယ်လို့ နှစ်ပေါင်း ၄၀ ကျော်ကြာပြုလုပ်တဲ့ လေ့လာမှုအသစ်မှာ တွေ့ရှိခဲ့ပါတယ်။ လူပေါင်း ၁၃၀၀၀၀ ကျော်ကို ဆယ်စုနှစ်လေးခုစာလောက် အချိန်ယူလေ့လာခဲ့ရာမှာ ကဖင်းဓာတ်ပါတဲ့ကော်ဖီကို တစ်နေ့နှစ်ခွက်ကနေ သုံးခွက် ဒါမှမဟုတ် လက်ဖက်ရည်ကို တစ်ခွက်ကနေ နှစ်ခွက်သာ အသင့်အတင့် သောက်သုံးသူတွေအနေနဲ့ ဦးနှောက်မှတ်ဉာဏ်ကျဆင်းမှုနှုန်း သိသိသာသာလျော့နည်းတာကို တွေ့ရတာပါ။

Mass General Brigham၊ Harvard T.H. Chan School of Public Health နဲ့ Broad Institute of MIT and Harvard တို့မှသုတေသီများက အခုသုတေသနကို ထုတ်ပြန်ခဲ့တာဖြစ်ပြီး ကဖင်းဓာတ်ပါတဲ့ သောက်စရာတွေက ဦးနှောက်ရောင်ရမ်းမှုကိုလျှော့ချပေးသလို ကလာပ်စည်းတွေ ပျက်စီးတာကိုလည်း ကာကွယ်ပေးနိုင်တယ်လို့ဆိုပါတယ်။ မျိုးရိုးဗီဇအရ သူငယ်ပြန်ရောဂါဖြစ်နိုင်ခြေရှိသူတွေမှာလည်း ကော်ဖီသောက်သုံးခြင်းက တူညီတဲ့ အကျိုးကျေးဇူးရနိုင်တာကို တွေ့ရှိခဲ့ပါတယ်၊ ဒါဟာ ဦးနှောက်ကျန်းမာရေးအတွက် လူနေမှုပုံစံပြောင်းလဲပြီး ကာကွယ်နိုင်တဲ့ အခြေအနေဖြစ်နိုင်ပေမယ့် တခြားကျန်းမာရေးအလေ့အကျင့်တွေကိုလည်း ဂရုစိုက်ဖို့ လိုအပ်ပါသေးတယ်။

**Ref: IE**

**ကိုထက်**

## ကမ္ဘာ့အကြီးဆုံး ရွက်လွှင့်အပျော်စီးသင်္ဘောစမ်းသပ်မောင်းနှင်မှုအတွင်း အမြန်နှုန်းစံချိန်အသစ်တင်

ကမ္ဘာ့အကြီးဆုံး ရွက်လွှင့်အပျော်စီးသင်္ဘောဖြစ်လာမယ့် အရှည် ၇၂၁ ပေရှိတဲ့ Orient Express Corinthian ဟာ ပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှုမှာ အမြန်နှုန်းစံချိန်အသစ်တင်နိုင်ခဲ့ပါတယ်။ ဒီသင်္ဘောဟာ လေတိုက်နှုန်း တစ်နာရီ ၂၃ မိုင်ရှိတဲ့အချိန်မှာ ရွက်လွှင့်အားသက်သက်နဲ့တင် တစ်နာရီ ၁၄ မိုင်နှုန်းအထိခရီးနှင်နိုင်တာဖြစ်ပြီး ဒါက ဒီလောက်ကြီးတဲ့ သင်္ဘောတစ်စင်းအတွက် မကြုံဖူးတဲ့အမြန်နှုန်းလို့ ဆိုရမှာပါ။



အဆင့်မြင့် Solid Sail စနစ်ကို သုံးထားတဲ့ ဒီသင်္ဘောမှာ အမြင့်ပေ ၂၂၀ ကျော်ရှိ ကာဗွန်ဖိုက်ဘာရွက်တိုင် သုံးခုပါဝင်ပြီး လေဝင်လေထွက်ကောင်းအောင် ၃၆၀ ဒီဂရီလှည့်နိုင်သလို တံတားတွေအောက်က ဖြတ်တဲ့အခါမှာလည်း ရွက်တိုင်တွေကို ၇၀ ဒီဂရီအထိ တိမ်းစောင်းနှိမ့်ချနိုင်ပါတယ်။ ဒီနည်းပညာကို ၂၀၁၉ ခုနှစ်ကတည်းက စတင်ဖော်ဆောင်ခဲ့တာဖြစ်ပြီး နှစ်ပေါင်းများစွာစမ်းသပ်ခဲ့တာပါ။ ခရီးသည် ၁၁၀ လိုက်ပါနိုင်မယ့် ဒီသင်္ဘောဟာ လေအားမလုံလောက်တဲ့အခါ LNG အင်ဂျင်ကို ပြောင်းသုံးနိုင်သလို ဝန်ဆောင်မှုပေးတဲ့အခါမှာတော့ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီမိုင် ၂၀ အထိ ရောက်ဖို့မျှော်မှန်းထားပါတယ်။ အခုစမ်းသပ်မှုတွေအရ ဒီနည်းပညာဟာ အနာဂတ် သင်္ဘောတွေအတွက် ထိရောက်တဲ့ပုံစံတစ်ခုဖြစ်လာမှာပါ။

**Ref: IE**

**ကိုထက်**

## ဂျပန်က မိုင် ၆၀၀ ကျော်အကွာအထိပစ်ခတ်နိုင်မယ့် ဒုံးကျည်များကို စတင်တပ်ဖြန့်လာ



ဂျပန်နိုင်ငံက သူတို့ကိုယ်တိုင်ထုတ်လုပ်ထားတဲ့ Type-12 အမျိုးအစားသင်္ဘောဖျက်ဒုံးကျည်စနစ်တွေကို အရှေ့တရုတ်ပင်လယ်အနီးမှာ စတင်တပ်ဖြန့်နေပြီလို့ သိရပါတယ်။ မူလက ကမ်းခြေစောင့်ကာကွယ်ရေးအတွက်သာရည်ရွယ်ပြီး ပစ်ခတ်နိုင်တဲ့အကွာအဝေးက မိုင် ၁၂၀ ကျော်သာရှိခဲ့ပေမယ့် အခုအခါမှာတော့ မိုင်၆၀၀ ကျော်အထိရောက်အောင်ပစ်နိုင်မယ့် အဆင့်မြှင့်တင်ထားတဲ့ဒုံးကျည်တွေကို ပြောင်းလဲတပ်ဖြန့်လာနေတာပါ။

အဲဒီဒုံးကျည်တွေဟာ ကုန်းတွင်းပိုင်းပစ်မှတ်တွေကိုပါ ပစ်ခတ်နိုင်စွမ်းရှိလာမှာဖြစ်သလို ကျူရှူးကျွန်းကနေပစ်ခတ်မယ်ဆိုရင် ထိုင်ဝမ်ရေလက်ကြားတစ်ခုလုံးကိုပါ လက်လှမ်းမီသွားမှာဖြစ်ပါတယ်။ မတ်လ ၁၅ ရက်မှာ ထွက်ပေါ်လာတဲ့သတင်းတွေအရ မစ်ဆူဘီရှိကုမ္ပဏီက ထုတ်လုပ်ထားတဲ့ ဒုံးကျည်တွေကို ကူမာမိုတိုဒေသမှာ တပ်ဖြန့်ထားတာဖြစ်ပြီး ဒါဟာ ဂျပန်တပ်မတော်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးကနေ ဒေသတွင်းတိုက်စစ်ဆင်နိုင်တဲ့ အနေအထားကို ပြောင်းလဲလာနေတာဖြစ်တယ်လို့ စစ်ဘက်ရေးရာကျွမ်းကျင်သူများက ရှုမြင်နေကြပါတယ်။

**Ref: IE**

**ကိုထက်**

## ဂျပန်၏ ရိုးရှင်းသောစားသောက်မှုအလေ့အထက သက်တမ်းရှည်စေရန် အထောက်အကူပြုနိုင်

ဂျပန်နိုင်ငံက သက်တမ်းရှည်လူသားများရှိရာဒေသတွေမှာ ကျင့်သုံးလေ့ရှိတဲ့ ဗိုက်ကို ၈၀ ရာခိုင်နှုန်းလောက်ပဲပြည့်အောင်စားတဲ့ ဟာရာဟာချီဘုဆိုတဲ့ အလေ့အထဟာ ရေရှည်ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိနိုင်တယ်လို့ သိရပါတယ်။

ဒီနည်းလမ်းဟာ တင်းကျပ်တဲ့အစားအသောက်ထိန်းသိမ်းနည်းမျိုး မဟုတ်ဘဲ အစားစားတဲ့အခါ အာရုံစိုက်ဖို့နဲ့ ကိုယ့်ရဲ့ဆာလောင်မှု၊ ဗိုက်ပြည့်မှုအခြေအနေကို သတိထားမိဖို့ တိုက်တွန်းထားတာပါ။ လေ့လာမှုတွေအရ ဒီလိုစားသုံးသူတွေဟာ တစ်နေ့တာ ကယ်လိုရီစားသုံးမှုနည်းသွားတဲ့အတွက် ကိုယ်အလေးချိန်တိုးတာမျိုး မရှိသလို ဟင်းသီးဟင်းရွက်စားသုံးမှုလည်း ပိုများလာတာကို တွေ့ရပါတယ်။

ဒါ့အပြင် အစားစားနေစဉ်ဖုန်း သို့မဟုတ် တီဗီကြည့်တာမျိုးက အစားကိုပိုစားမိစေနိုင်တဲ့အတွက် အာရုံမပျံ့လွင့်ဘဲ စားဖို့ကိုလည်း အကြံပြုထားပါတယ်။ အဲဒီအလေ့အထဟာ ကိုယ်အလေးချိန်လျှော့ချဖို့ထက် ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ကို နားထောင်ပြီး အသင့်အတင့်စားသုံးတတ်တဲ့ ရေရှည်ပြေးပုံစံတစ်ခုဖြစ်တာကြောင့် စိတ်ဖိစီးမှုကြောင့် အစားအလွန်အကျွံ စားတာကိုလည်း တားဆီးပေးနိုင်ပါတယ်၊ ဒါပေမဲ့ အားကစားသမားတွေ၊ ကလေးသူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက်တော့ သူတို့ရဲ့ အာဟာရလိုအပ်ချက်အလိုက် သတိထားကျင့်သုံးသင့်တယ်လို့ သုတေသီတွေကအကြံပြုထားပါတယ်။

**Ref: IE**

**ကိုထက်**



## BYD က ငါးမိနစ်အတွင်း ၇၀ ရာခိုင်နှုန်းအထိအားသွင်းနိုင်တဲ့ လျှပ်စစ်ကားအသစ်ကိုမိတ်ဆက်

တရုတ်နိုင်ငံမှ BYD ကုမ္ပဏီဟာ ငါးမိနစ်အတွင်း ၁၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိ အားအမြန်သွင်းနိုင်တဲ့ နည်းပညာပါဝင်တဲ့ Fang Cheng Bao Ti3 အမျိုးအစား လျှပ်စစ်ကားအသစ်ကို မိတ်ဆက်လိုက်ပါတယ်။ ဒီကားမှာ BYD ရဲ့ နောက်ဆုံးပေါ် Blade Battery 2.0 စနစ်ကို အသုံးပြုထားပြီး အားအပြည့်သွင်းထားရင် မိုင် ၃၈၀ ကျော်အထိ ခရီးနှင်နိုင်မှာပါ။



ထူးခြားချက်ကတော့ အလွန်အေးတဲ့ ရာသီဥတုမျိုးမှာတောင် အားသွင်းချိန် သုံးမိနစ်လောက်ပဲပိုကြာမှာဖြစ်ပြီး အား ၉၇ ရာခိုင်နှုန်းပြည့်ဖို့ ကိုးမိနစ်ဝန်းကျင်ပဲ အချိန်ပေးရမှာဖြစ်ပါတယ်။ ဒီ SUV ကားမှာ အသံနဲ့ ခိုင်းစေနိုင်တဲ့ AI စနစ်တွေနဲ့ အဆင့်မြင့် ယာဉ်မောင်းအကူအညီပေးရေးစနစ်တွေလည်းပါဝင်တယ်လို့ သိရပါတယ်။

ဒါ့အပြင် ကားဘက်ထရီကနေတစ်ဆင့် တခြားလျှပ်စစ်ပစ္စည်းတွေကိုပါ ပြန်လည်ဓာတ်အားပေးနိုင်တဲ့စနစ်လည်း ပါဝင်ပါတယ်။ ဒီကားဟာ လက်ရှိလျှပ်စစ်ကားတွေမှာ အားသွင်းချိန်ကြာမြင့်တဲ့ပြဿနာကို ဖြေရှင်းပေးနိုင်မယ့် ရေရှည်ပြေးပုံစံသစ်တစ်ခုဖြစ်ပြီး သုံးစွဲသူတွေအတွက် ပိုမိုအဆင်ပြေစေဖို့ ရည်ရွယ်ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ကားအတွင်းပိုင်းမှာလည်း ထိုင်ခုံတွေကိုစိတ်ကြိုက်ချိန်ညှိနိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

– အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား လက်ရှိဖြစ်ပွားလျက်ရှိသောပဋိပက္ခများအဆုံးသတ်စေရေးအတွက် အမေရိကန်တပ်ဖွဲ့များအနေဖြင့် ပါရှန်းပင်လယ်ကွေ့မှ အပြီးတိုင်ဆုတ်ခွာသွားရမည်ဖြစ်ကြောင်း အီရန်ဦးသျှောင်၏အကြံပေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မိုဆန်ရာဇာအီးကပြောသည်။ ထို့ပြင် အီရန်၌ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုအတွက် အမေရိကန်အနေဖြင့် လျော်ကြေးပေးရမည်သာမက ခိုင်မာသောလုံခြုံရေးအာမခံချက်လည်းပေးရမည်ဟု အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့တပ်မှူးဟောင်းမိုဆန်ရာဇာအီးကပြောသည်။

– အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်း၍ အီရန်အပေါ်လုပ်ဆောင်သည့် စစ်ပွဲတွင် ယူကရိန်းနိုင်ငံသည်လည်း စစ်ပွဲ၌ပါဝင်သည့်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်းနှင့် ထိုနိုင်ငံသည် အီရန်နိုင်ငံအတွက် တရားဝင်ပစ်မှတ်ဖြစ်လာကြောင်း အီရန်ထိပ်တန်းလွှတ်တော်အမတ်တစ်ဦးကပြောသည်။ ယူကရိန်းနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်ပစ်ခဲယမ်းများကို ပို့ဆောင်ကာ အမေရိကန်နှင့်အစ္စရေးတို့ဘက်မှပါဝင်လာသည့်အတွက် အီရန်ကကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်အရ ယူကရိန်းကိုတိုက်ခိုက်ခွင့်ရှိသည်ဟု ထိုအမတ်ကပြောထားသည်။

– အီရန်ဘက်ကပြောဆိုမှုများနှင့်သတ်မှတ်ချက်များသည် အပစ်အခတ်ရပ်စဲရန်ကောင်းစွာလုံလောက်မှုမရှိသေးသောကြောင့် အီရန်နိုင်ငံနှင့်သဘောတူညီချက်ရယူရန် အသင့်အနေအထားမဖြစ်သေးကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။ အီရန်နိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို လိုလားပါက၎င်းတို့၏နျူကလီးယားရည်မှန်းချက်ကို အပြီးတိုင်စွန့်လွှတ်ပါမည်ဟူသော ကတိပြုချက်ပေးရမည်ဖြစ်ကြောင်း ထရမ့်ကပြောထားသည်။

– အမေရိကန်ရေတပ်၏ အမှတ်(၅)စစ်ရေယာဉ်စုတည်ရှိရာ ဘာရိန်းနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းပဋိပက္ခစတင်ဖြစ်ပွားစဉ်မှစ၍ ဒုံးကျည် ၁၂၅ စင်းနှင့် ဒရုန်း ၂၁၁ စင်းတို့ကိုကြားဖြတ်ပစ်ချထားရကြောင်း ထုတ်ပြန်ထားသည်။

– အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၌ အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ယူအေအီး၊ ပါကစ္စတန်၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခြောက်ဦးသေဆုံးကာ အခြားနိုင်ငံသား ၁၄၂ ဦးသည် အသေးစားမှသည် အသင့်အတင့်ရှိသည့် ဒဏ်ရာများရရှိထားကြောင်းနှင့် ဒုံးကျည်အစင်း ၃၀၀ ကျော်၊ ဒရုန်း ၁၆၀၀ ကျော်တို့ကို ကြားဖြတ်ပစ်ချထားကြောင်း ယူအေအီးကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Ref: RT, Xinhua**

## သီရိလင်္ကာနိုင်ငံက QR ကုတ်အသုံးပြုပြီး အပတ်စဉ်ခွဲတမ်းဖြင့် စက်သုံးဆီရောင်းချပေး




ကိုလံဘို၊ စက်သုံးဆီ

သီရိလင်္ကာနိုင်ငံက မတ်လ ၁၅ ရက်မှစ၍ မော်တော်ယာဉ်များအားလုံးကို QR ကုတ်အသုံးပြုပြီး အပတ်စဉ်ခွဲတမ်းစနစ်ဖြင့်ရောင်းချပေးနေကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းဒေသ၌ လက်ရှိဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီရရှိမှုအခက်အခဲရှိနိုင်သည့်အတွက် အရန်ဆီများကိုခြိုးခြံချွေတာသည့်အနေဖြင့် ယခုကဲ့သို့စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အဆိုပါအစီအစဉ်ကို နံနက် ၆ နာရီမှစတင်ခြင်းဖြစ်ပြီး မှတ်ပုံတင်ထားသည့် QR ကုတ်မပါရှိသောယာဉ်များကို စက်သုံးဆီများရောင်းချပေးမည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ အပတ်စဉ်ခွဲတမ်းအရ ဘတ်စကားများက စက်သုံးဆီလီတာ ၆၀၊ ကားများက ၁၅ လီတာ၊ ဗန်ကားများက လီတာ ၄၀၊ လော်ရီကားများက လီတာ ၂၀၀၊ သယ်ယူပို့ဆောင်ရေးယာဉ်များက ၂၅ လီတာ၊ သုံးဘီးယာဉ်များက ၁၅ လီတာ၊ အထူးယာဉ်များက လီတာ ၄၀၊ မော်တော်ဆိုင်ကယ်နှင့်လေးဘီးဆိုင်ကယ်များက ၅ လီတာစီသာရရှိမည်ဖြစ်သည်။

ယခုကဲ့သို့ QR ကုတ်စနစ်ဖြင့် စက်သုံးဆီများကိုရောင်းချခြင်းသည် မလိုအပ်ဘဲ စက်သုံးဆီများကို သိုလှောင်ထားခြင်းမရှိစေရန်နှင့် ပြည်သူများ၏နေ့စဉ်လုပ်ငန်းဆောင်တာများကို ထိခိုက်မှုမရှိစေရန် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင်လည်း အလားတူစနစ်ကို အသုံးပြုခဲ့ဖူးကြောင်းသိရသည်။

**Ref: Xinhua**

## အီရန်အပေါ် အမေရိကန်နှင့်အစ္စရေး ပူးပေါင်းတိုက်ခိုက်မှုကို ဂျပန်ပြည်သူ ၇၅ ရာခိုင်နှုန်း မထောက်ခံ

တိုကျို၊ ပြည်တွင်းရေး

အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့ပူးပေါင်းပြီး တိုက်ခိုက်မှုလုပ်ဆောင်ခြင်းကို ဂျပန်ပြည်သူ ၇၅ ရာခိုင်နှုန်းက ထောက်ခံခြင်းမရှိကြောင်း စစ်တမ်းတစ်ခုအရသိရသည်။ Jiji Press က မတ်လအတွက်လုပ်ဆောင်သော အဆိုပါစစ်တမ်းတွင် အမေရိကန်နှင့်အစ္စရေးတို့၏ တိုက်ခိုက်မှုကို ထောက်ခံသူ ၇ ရာခိုင်နှုန်းသာရှိကြောင်းနှင့် ၁၇ ဒသမ ၈ ရာခိုင်နှုန်းမှာ ကြားနေကြောင်း စစ်တမ်းတွင်တွေ့ရှိရသည်။

ထို့ပြင် အဆိုပါတိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူအချို့ကပြောသည်ဟု Jiji Press က ဖော်ပြထားသည်။ ယင်းတိုက်ခိုက်မှုကို မထောက်ခံသူများအနက် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူ ၆၉ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ကြောင်း စစ်တမ်းတွင်တွေ့ရှိရသည်။

**Ref: Xinhua**

## ကမ္ဘောဒီးယား၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသားသို့ဒုတိယမြောက်ကူးစက်မှုဖြစ်ပွား



ဖနွမ်းပင်၊ ကျန်းမာရေး

ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါက လူသားသို့ ဒုတိယမြောက်ကူးစက်မှုဖြစ်ပွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ်လ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။ ထိုကူးစက်မှုသည် ဘန်တေးမင်ချေးပြည်နယ်၌ ဖြစ်ပွားခြင်းဖြစ်ပြီး အသက် ၄၅ နှစ်ရှိအမျိုးသမီးတစ်ဦးတွင် H5N1 ရောဂါပိုးကူးစက်ခံထားရသည်ကို တွေ့ရှိခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရိုပက်ကျေးရွာတွင်နေထိုင်သည့် အဆိုပါအမျိုးသမီး၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံထားရကြောင်း အမျိုးသားပြည်သူ့ကျန်းမာရေးဌာနက မတ်လ ၁၄ ရက်တွင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရာ အဆိုပါအမျိုးသမီးသည် ကြက်များ၊ ဘဲများကိုမွေးမြူကြောင်း၊ ၎င်း၏မွေးမြူရေးခြံရှိ ကြက်၊ ဘဲအချို့မှာ နာမကျန်းဖြစ်ပြီးသေဆုံးသွားသည်ကိုတွေ့ရကြောင်း၊ ထိုအမျိုးသမီးက သေဆုံးနေသည့်ကြက်၊ဘဲများနှင့်ထိတွေ့ပြီးနောက် သုံးရက်အကြာတွင် H5N1 ရောဂါပိုးကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဆက်လက်ဖော်ပြထားသည်။ လက်ရှိအချိန်တွင် တာဝန်ရှိသူများသည် အဆိုပါကူးစက်မှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

## ထိုင်းနိုင်ငံ၌ ပွန်ဂျေတိုင်းပါတီမှ ဆိုဖွန်ဇာရမ် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းနိုင်ငံ၌ ပွန်ဂျေတိုင်းပါတီမှလွှတ်တော်အမတ်ဖြစ်သည့် ဆိုဖွန်ဇာရမ်သည် မတ်လ ၁၅ ရက်တွင် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရကြောင်းသိရသည်။ ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ အောက်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော်၏ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူရမည်ဖြစ်သည်။

ပြီးခဲ့သည့်လတွင် ထိုင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် မတ်လ ၁၄ ရက်တွင် လွှတ်တော်ကိုတရားဝင်စတင်ဖွင့်လှစ်ကာ မတ်လ ၁၅ ရက်တွင် လွှတ်တော်ဥက္ကဋ္ဌရာထူးကို ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။

ဆိုဖွန်ဇာရမ်သည် ပြည်သူ့ပါတီမှ လွှတ်တော်အမတ် ပရစ်ဝါချာရာဆင်ဒူနှင့် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ထောက်ခံမဲ ၂၈၉ မဲရရှိကာ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရခြင်းဖြစ်ကြောင်း ခေတ္တအောက်လွှတ်တော်ဥက္ကဋ္ဌ ပိုင်ရို့လိုဆန်သွန်းက ကြေညာသည်။

ဆိုဖွန်ဇာရမ်သည် ပွန်ဂျေတိုင်းပါတီသို့ ၂၀၀၈ ခုနှစ်တွင်ဝင်ရောက်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပို့ဆောင်ရေးဝန်ကြီးအဖြစ်တာဝန်ယူခဲ့သည့်အပြင် ၂၀၂၅ ခုနှစ်စက်တင်ဘာလမှစ၍ ထိုင်းနိုင်ငံအိမ်စောင့်အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**



## ဒေသတွင်းစားသုံးဆီဖူလုံစေရေး နှမ်းနှမ်း ၁၀၄၄ ဧက စိုက်ပျိုးပြီးစီး



**ငဖဲ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည်ရေလှောင်တမံဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်း ၁၁၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့ထိ ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများအဆင်ပြေစွာထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရဆည်ရေ၊ ဆည်ငယ်ကန်ငယ်ရေတို့ဖြင့် နွေနှမ်းစိုက်ပျိုးမည့်လယ်ယာမြေများသို့ စိုက်ပျိုးရေများ စနစ်တကျဖြန့်ဝေပေးလျက်ရှိသည်။ စိုက်ပျိုးပြီးစီးသည့်နှမ်းမျိုးများမှာ စမုန်နက် ၃၂၈ ဧက၊ ဆင်းရတနာ-၁၂ ဧက ၃၀၀ နှင့် သိပ္ပံနှမ်းနက် ၄၁၆ ဧက စုစုပေါင်း ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် နွေနှမ်းအထွက်နှုန်းကောင်းမွန်ရန် စနစ်တကျရေသွင်းပေးရန်လိုအပ်ပြီး နှမ်းပင်အခြေရေမဝပ်ရန် စိမ့်ရေဖြင့်ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့်ရေသွင်းပေးရကြောင်း သိရသည်။

ငဖဲမြို့နယ်၌ နွေသီးနှံများစိုက်ပျိုးရာသီတွင်စပါးနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး ဒေသတွင်းစားသုံးဆီဖူလုံစေရေး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ သီးနှံများပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)




## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ

**ပခုက္ကူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့်အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဠုအောင် ဦးဆောင်သော ဝန်ထမ်းများက ၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ"ဆောင်ပုဒ်ပါ အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်း၊ ခရီးသွားပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၁၆(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၅၀ ဓမ္မပူဇာတေး
၃။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၄။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၉) ဇာတ်သိမ်းပိုင်း သရုပ်ဆောင်-ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ၊ ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

**ဆရာကြီးခင်ဗျာ။ ကျွန်တော် အားကစားလုပ်ရင်း မတော်တဆဖြစ်ပြီး ဒူးဆစ်လွဲသွားပါတယ်။ အကြောပြင်ဆရာက ပြန်ထည့်ပေးလို့ ပြန်တည့်သွားပါတယ်။ နောက်ရက်တွေမှာ ဒူးဆစ်က ရောင်ရမ်းပြီး လမ်းမလျှောက်နိုင်ပါဘူး။ ဆေးလိမ်း၊ ဆေးစည်းလုပ်တာ ၁၃ ရက်လောက်ရှိပါပြီ။ နာကျင်တာ သိပ်မခံစားရဘဲ အောင့်ပြီး ညောင်းသလိုခံစားရပါတယ်။ ရောင်ရမ်းမှု အနည်းငယ်ကျန်ပါသေးတယ်။ ဒူးက အဆုံးထိကွေးလို့မရပါဘူး။ ဘယ်လိုလုပ်ရင် ပြန်ကောင်းနိုင်မလဲ။ ဆေးနည်းများ ပြောပြပေးစေလိုပါတယ်။**

မုန်ညင်းဆီထဲ ချင်းတက်ခြေထည့်၊ မီးနဲ့ဆူအောင်ချက်ပြီး ဒူးထဲစိမ့်ဝင်အောင်လိမ်းပါ။ ဆားကိုပိတ်စနဲ့ထုပ်၊ ရေနွေးခံပြီး ကြပ်ထုပ်ထိုးပါ။ ဒူးအကွေးအဆန့်ရစေဖို့ ကိုယ်ရံကြီးပင်အရွက်ကို မီးကင်၊ ပျော့သွားရင် မုန်ညင်းဆီသုတ်၊ ဒူးမှာပတ်ပြီး ပတ်တီးစည်းထားပါ။ တစ်ရက်ကို သုံးနာရီလောက်စည်းရင် လုံလောက်ပါတယ်။ ငါးရက်ကနေ ခုနစ်ရက်အထိ စည်းနိုင်ပါတယ်။ လမ်းလျှောက်၊ လေ့ကျင့်ခန်းပြုလုပ်နိုင်ပါတယ်။ လှေကားအဆင်းအတက်များတာ ခဏရှောင်ထားပါ။

**ဆရာကြီးရှင့်။ ကျွန်မအမေကြီးက လည်ချောင်းမှာ ချွဲတွေပိတ်နေလို့ ခဏခဏချောင်းဟန့်ပြီး ထွေးထုတ်ရပါတယ်။ သလိပ်က လွယ်လွယ်နဲ့မထွက်လို့ မောလည်းမောနေပါတယ်။ ထမင်းလည်းမျိုမကျလို့ ဆန်ပြုတ်ကို ဖြည်းဖြည်းသောက်ရပါတယ်။ လည်ချောင်းကို ဝံအူမြစ်လည်း သွေးလိမ်းပေးပါတယ်။ ထပ်ပြီးဘာလုပ်ပေးလို့ရမလဲ သိချင်ပါတယ်။**

ချင်းနဲ့ထန်းလျက်ပြုတ်ရည်တိုက်ပါ။ ဖီးကြမ်းငှက်ပျောသီးကျွေးပေးရင်လည်း သလိပ်ပျော်ပါတယ်။ မီးဖုတ်ကျွေးရင် အကောင်းဆုံးပါပဲ။ သလိပ်မထွက်ရင် တိုင်းရင်းဆေးအမှတ်(၂၅)မတဲမြင့်မိုရ်ကုန်းဆေးနဲ့ တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲလျက်ဆားတို့ကို ဆတူရောစပ်ပြီး လျက်ပေးရင် သလိပ်ထွက်လွယ်ပါတယ်။ မောရင် ရှောက်ရည်နဲ့ပျားရည်ကိုရောပြီး ဖျော်စပ်တိုက်ပါ။

**ဆရာကြီးရှင့်။ ကလေးက အသက်လေးနှစ်ရှိပါပြီ။ ပိန်ပါတယ်။ မကြာခဏဝမ်းကိုက်ပါတယ်။ ဗိုက်နာတယ်ပြောလို့ သန်ချဆေးလည်း ခြောက်လတစ်ကြိမ် တိုက်ပါတယ်။ ဗိုက်နာတဲ့အခါ ဆေးတိုက်တုန်းခဏပဲ သက်သာပါတယ်။ ပြီးရင် တစ်ပတ်တစ်ကြိမ်လောက် ထပ်ဖြစ်ပါတယ်။ ဝမ်းကိုက်ဗိုက်နာပျောက်အောင် ဘယ်လိုလုပ်ရမလဲဆရာ။**

မီးကွင်းဂမုန်းရွက်နဲ့ ထန်းလျက်ကိုရောကျိုပြီး တိုက်ပါ။ ဝမ်းကိုက်မှာ လေဝမ်းကိုက်နဲ့သွေးဝမ်းကိုက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သွေးဝမ်းကိုက်တာက ပိုးကြောင့်ဖြစ်ပြီး မသန့်ရှင်းတဲ့အစာ၊ လက်လုပ်ချဉ်တွေမှာ ဝမ်းကိုက်ပိုးပါတတ်ပါတယ်။ သန့်ရှင်းတဲ့အစားအသောက်ကိုဂရုစိုက်ပြီးကျွေးမှသာ ဝမ်းကိုက်ရောဂါ ရေရှည်ပျောက်ကင်းနိုင်မှာပါ။ ဝမ်းကိုက်ပျောက်စေတဲ့ဆေးနည်းတိုတွေကတော့–

– ကြက်ဥတစ်လုံးကို ထိပ်မှအနည်းငယ်ဖောက်ပြီး အကာကိုထုတ်ယူပါ။ သကြားဟင်းစားဇွန်းတစ်ဇွန်းနဲ့ ငရုတ်ကောင်းမှုန့်အနည်းငယ်ရောစပ်ပြီး တစ်ကြိမ်တည်းကုန်အောင်တိုက်ပါက အကျိအချွဲပါတဲ့ဝမ်းကိုက်တာကို သက်သာစေပါတယ်။

– ကြက်သွန်ဖြူနဲ့ထန်းလျက်ကိုရောပြီး နှမ်းဆီနဲ့ကြော်စားပါ။

– ကြောင်ပန်းရွက်လက်တစ်ဆုပ်၊ ကွမ်းရွက် ၁၀ ရွက်၊ ရှားစေးတစ်ပဲသားကို ရေနွေးနဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးစာ တိုက်ကျွေးပါ။ အသက်အရွယ်အလိုက် တစ်ရက်ကို နှစ်ကြိမ်ကနေ သုံးကြိမ်အထိ တိုက်ကျွေးနိုင်ပါတယ်။

– ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုတိုက်ပါ။

– သံပရာသီးတစ်လုံးကို အရည်ညှစ်ပြီး အဲဒီအရည်နဲ့ဆတူ နှမ်းဆီကိုရောမွှေပြီး တစ်ကြိမ်တည်း ကုန်အောင်တိုက်ပါ။

– ဖီးကြမ်းငှက်ပျောသီးအမှည့်ကို ထောပတ်၊ နှမ်းဆီတို့နဲ့ နီအောင်ကြော်ပြီးကျွေးရင် လေဝမ်းကိုက်ရောဂါကို သက်သာစေနိုင်ပါတယ်။

– ငဖြူကြီးပင်ရဲ့အရွက်ကိုပြုတ်ပြီး အသုပ်ပြုလုပ်စားပါ။ ပိုးကြောင့်ဖြစ်တဲ့ဝမ်းကိုက်နဲ့ သန်ထိုးခြင်းကိုဖြစ်စေတဲ့ဝမ်းကိုက်ရောဂါကို သက်သာစေပါတယ်။

– ထားဝယ်မှိုင်းပင်ရဲ့အရွက်ကို ထန်းလျက်နဲ့ရောပြီးဖြစ်စေ၊ အတို့အမြှုပ်ပြုလုပ်ပြီးဖြစ်စေ စားသုံးပေးရင် သွေးဝမ်းကိုက်ရောဂါကို သက်သာစေပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော့်ရဲ့မျက်နှာမှာ အမြဲတမ်း အဆီပြန်နေပါတယ်။ ရာသီမရွေး အဆီပြန်ပါတယ်။ တစ်ခါတစ်ရံ ဆီလူးထားသလို ချွဲပြီး ဝင်းပြောင်နေပါတယ်။ အစပ်တွေစားပြီးတိုင်းလည်း အဆီပြန်ပါတယ်။ မျက်နှာသစ်ဆေးသုံးလည်းမရပါဘူး။ ဆေးနည်းကောင်းများရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

မျက်နှာအဆီပြန်သူများ ငန်လွန်းတဲ့အစာနဲ့ချိုလွန်းတဲ့အစာ လျှော့စားပါ။ အဆီများတဲ့အသားကိုရှောင်ပါ။ အစိမ်းရောင်ရှိတဲ့အစားအစာတွေကို များများစားပေးပါ။ ရှားစောင်းလက်ပပ်ကို ဟင်းချိုချက်သောက်ရင် မျက်နှာအဆီပြန်တာ သက်သာစေနိုင်ပါတယ်။ သံပရာရည်၊ ရှောက်ရည်များများသောက်ပေးပါ။ မျက်နှာအဆီပြန်တာအတွက် အလွယ်ကူဆုံးနည်းကတော့ ကွမ်းစားဂမုန်းကို သနပ်ခါးနဲ့ရောပြီးလိမ်းပေးပါ။ (ဆရာကြီး ဦးမာဃဆေးနည်းမှ)

**ဆရာကြီးခင်ဗျာ။ ကျွန်တော့်အသက် ၁၇ နှစ်ရှိပါပြီ။ ကျွန်တော့်ရဲ့ရင်သားမှာ အကျိတ်တစ်ခုရှိပါတယ်။ လူပျိုဖြစ်စမှာ ခပ်သေးသေးဖြစ်ရာကနေ မပျောက်တော့ဘဲ တဖြည်းဖြည်း ဆီးဖြူသီးတစ်ခြမ်းအရွယ် ဖြစ်ကျန်နေပါတယ်။ ပူအိုက်လို့ အကျီချွတ်တဲ့အခါ ရင်သားနှစ်ဖက်ထိပ်မှာ စူထွက်နေလို့ ရှက်ပြီး အမြဲစိတ်ဒုက္ခရောက်ရပါတယ်။ မိဘတွေက ခွဲစိတ်ကုသဖို့တိုက်တွန်းပါတယ်။ ဘယ်လိုလုပ်ရမလဲဆိုတာကို ဆေးနည်းများရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

အကျိတ်မှာ အသားကျိတ်၊ အဆီကျိတ်၊ အပူကျိတ်၊ အနာရွတ်ကျန်လို့ဖြစ်တဲ့အကျိတ်၊ မန်းကျိတ် စတဲ့အကျိတ်များစွာရှိပါတယ်။ အသားကျိတ်၊ အဆီကျိတ်တွေက ကျွမ်းကျင်တဲ့ခွဲစိတ်ဆရာဝန်နဲ့ ခွဲစိတ်ကုသရင် လျင်မြန်စွာပျောက်ကင်းနိုင်ပါတယ်။ ခွဲစိတ်ဖို့အခက်အခဲရှိရင် ဆေးလိမ်းကုသလိုပါက အောက်ပါနည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။

– ဗာဒံရွက်အနုကို မီးကင်ပြီး ရင်ဘတ်မှာကပ်ပေးပါက ရင်သားအကျိတ်ကို ကြေစေနိုင်ပါတယ်။

– သဘော်ရွက်အနုကို မီးကင်ပြီးကပ်ပေးပါကလည်း ရင်သားအကျိတ်ကို ကြေစေနိုင်ပါတယ်။

– ဇာတိပ္ဖိုလ်သီးကိုသွေးလိမ်းပါက အသားကျိတ်ကို သက်သာစေပါတယ်။

– နလင်ကျော်၊ ကရမက်သွေးလိမ်းရင် အပူကျိတ်ကို သက်သာစေပါတယ်။

– မိဿလင်ဥကိုထောင်းပြီး မုန်ညင်းဆီနဲ့ရောချက်ပြီးလိမ်းရင် အဖုအကျိတ်ပြေစေပါတယ်။

– နနွင်းမှုန့်ကို ထုံးရည်ကြည်နဲ့ ဖျော်စပ်လိမ်းရင် အနာ၊ အကျိတ်၊ အဖုတို့ကို ပြည်ပေါက်စေနိုင်ပါတယ်။

– ခွေးတောက်ရွက်ကို ဆီသုတ်၊ မီးကင်ပြီး ကပ်ပေးရင် အဖုအကျိတ်ကို ပိန်စေနိုင်ပါတယ်။

– ကံ့ကူမံရွက်ကိုမီးကင်ပြီး ကပ်ပေးပါက အဖုအကျိတ် အရောင်ကျစေနိုင်ပါတယ်။

– ငဖြူကြီးရွက်ကို မီးကင်၊ အရည်ညှစ်ပြီး လိမ်းပေးပါက ပိုးကောင်ကိုက်လို့ဖြစ်တဲ့ အဖုအကျိတ်ကို သက်သာစေနိုင်ပါတယ်။

– ဩဇာသီးခြောက်ကို သွေးလိမ်းပါက ဝက်ခြံမပေါက်ဘဲဖြစ်နေတဲ့ အဖုအကျိတ်ကို သက်သာစေပါတယ်။

– ပါးစပ်မှာ အပူဖုပေါက်ရင် မင်းကွတ်သီးခြောက်အခွံကို သွေးလိမ်းပါက သက်သာစေနိုင်ပါတယ်။

– ပေါင်ထိပ်မှာ အကျိတ်ပေါက်ရင် ကျားမနိုင်မြစ်ကိုသွေးပြီးလိမ်းပေးပါ။

– တောရှောက်မြစ်၊ သက်ရင်းကြီးမြစ်တို့ကို သွေးလိမ်းပါ။ သောက်လည်းသောက်ပေးပါက ဒဏ်ကြောင့်ဖြစ်တဲ့ အကျိတ်၊ ပေါင်တွင်းစက်တန့်အကျိတ်တွေကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

– ချိုင်းအောက်အကျိတ်(ကိန္နရာနာ) ပေါက်ရင် ထင်းရှူးဆီ၊ မင်သော်ဆီ၊ ပရုတ်ဆီတို့ကို ပျားဖယောင်းနဲ့ရောချက်၊ ဆေးဖယောင်းချက်ပြုလုပ်ပြီး ကပ်ပေးပါ။ နု–ကြေ၊ ရင့်–ပေါက် အနာပျောက်နိုင်ပါတယ်။

–နလင်ကျော်မြစ်ကိုသွေးပြီး တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းစပ်သောက်ပါက လည်ချောင်းတွင်းမှာ ပေါက်တဲ့ အဖုအကျိတ်တွေကို ပျောက်ကင်းစေနိုင်ပါတယ်။

–ရင်းပြားအခေါက်ကိုသွေးပြီးသောက်ခြင်း၊ လိမ်းခြင်း၊ ဆန်ဆေးရည်နဲ့ရောသွေးပြီး လိမ်းခြင်း၊ သောက်ခြင်းပြုလုပ်ပေးပါက မာကျောတဲ့အဖုအကျိတ်တွေကို ကြေစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော် အားကစားလုပ်ရင်း ပခုံးဆစ်ပြုတ်ဖူးပါတယ်။ ဆရာတွေက ပြန်ထည့်ပေးပါတယ်။ နောက်ပိုင်းမှာ မကြာခဏပြုတ်တော့ ကျွန်တော့်ဘာသာ ပြန်ထည့်တတ်ပါတယ်။ အဆစ်လွဲတာမဖြစ်အောင် ဆေးစည်းရင်ရတယ်လို့ ပြောကြတာကြားဖူးပါတယ်။ တိုင်းရင်းဆေးနဲ့ စည်းနိုင်မယ့် ဆေးနည်းတွေကို ညွှန်ပြပေးပါခင်ဗျာ။**

အဆစ်ပြုတ်ရင်–

–ချဉ်ပေါင်ခါးကိုပြုတ်ပြီး နနွင်းမှုန့်နဲ့ ရောနယ်စည်းပေးပါ။

–ငုရွက်ကိုထောင်းခြေအုံပြီး စည်းပေးပါ။ အဆစ်လွဲတဲ့နေရာမှာ ရောင်ရင် အထိမခံနိုင်ပါက ငုရွက်ကို ဆားနဲ့ရောထောင်း၊ ကြပ်ထုပ်ပြုလုပ်ပြီး ရေနွေးငွေ့ခံထိုးပေးပါ။

–မိဿလင်ဥကိုထုထောင်းပြီး ပခုံးအဆစ်မှာအုံပြီး စည်းပေးပါ။

–မုန်ညင်းဆီ၊ ပရုတ်ဆီ၊ မင်သော်ဆီ၊ ထင်းရှူးဆီတို့ကို အပူပေး၊ လိမ်းကျံပြီး အဝတ်နဲ့ပတ်ပြီး စည်းထားပါ။

–ချဉ်ပေါင်ရွက်ကို ရေနွေးနဲ့ပြုတ်၊ ထောင်းပြီး အဆစ်ပြုတ်တဲ့နေရာမှာ အုံစည်းပေးပါ။

–သက်ရင်းကြီးရွက်ကိုထောင်းပြီး စည်းထားပေးပါ။ သုံးနာရီလောက်သာစည်းပါ။ သက်ရင်းကြီးရွက်က အချိန်ကြာကြာစည်းထားတဲ့အခါ အပူလောင်တတ်တာ သတိပြုပေးပါ။

## ဘားအံမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဘားအံ မတ် ၁၅

ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး၌ မတ်လ ၁၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချစားသုံးသူဘဝဟူသည့် ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဝဏ္ဏကျော်ထင် ဦးစောခင်မောင်မြင့်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ်ပြသရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကြသည်။ ယင်းနောက် တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့်သက်ဆိုင်သော ပိုစတာများနှင့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။




ချမ်းမြေ့

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားဗီဗီ** — ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** — တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** — စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** — ပဥ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** — ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** — ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** — တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** — စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** — ပဥ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** — ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** — ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** — တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** — စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** — ပဥ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** — ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** — တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** — စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** — ပဥ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** — ပထမဆု
မနော‌ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** — ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** — တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** — စတုတ္ထဆု
မောင်အေးချမ်း(ခနေဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** — ပဥ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** — ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** — တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** — စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** — ပဥ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** — ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** — ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** — တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** — စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** — ပဥ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** — ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** — ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** — စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌** — ပဥ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ညောင်ဦးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ



ညောင်ဦး မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်ရည်ရွယ်၍ မတ်လ ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့မရဲစခန်းသို့ သွားရောက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်သရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးပြောကြားပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ၊ လျှပ်စစ်မီးကြိုးများနှင့် လျှပ်စစ်မိန်းခုံများ ကောင်းမွန်မှုရှိ၊ မရှိ၊ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနည်းစနစ်များကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသဆောင်ရွက်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဓာတ်မြေသြဇာနှင့် သဘာဝမြေဆွေး ရောစပ်ကြဲပက်ခြင်းနှင့် သမန်းနှိုးသရုပ်ပြခြင်းဆောင်ရွက်

နေပြည်တော် မတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ ကွင်းအမှတ်(၁၅၈၉) တောင်သူ ဦးတင်သိန်း၏ လယ်မြေရှစ်ကေ၌ နွေစပါးစိုက်ပျိုးထားရှိမှုအား ဓာတ်မြေသြဇာတစ်ဆနှင့် သဘာဝမြေဆွေးသုံးဆ ရောစပ်ကြဲပက်ခြင်းနှင့် ကြားပေါင်းလိုက်ကိရိယာ အသုံးပြု၍ သမန်းနှိုးသရုပ်ပြခြင်းများကို မတ်လ ၁၄ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ သမန်းနှိုးသရုပ်ပြခြင်းအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ နေပြည်တော်ဆည်မြောင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက စိုက်ပျိုးထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောက်ချက်ကျေးရွာအုပ်စု အိုင်စောက်ကျေးရွာအနီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မျက်လှည့်ရိုးရေနုတ်မြောင်း ပြန်လည်တူးဖော်နေသည့်နေရာသို့ ရောက်ရှိပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဆောင်ရွက်ကြောင်း သိရသည်။

(၄၀၂)

မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား(၆၉)ဦး ဖမ်းဆီးရရှိမှုနေရာပြပုံ




● **ကျောဖုံးမှအဆက်**

ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများတရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာအနီး၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မတ်လ ၁၄ ရက်တွင် တရားမဝင်ပြည်ပနိုင်ငံသား ၈၆ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အလားတူ ယနေ့တွင်လည်း မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၆၅၀ ခန့်အကွာနေရာ၌ တရားမဝင်ပြည်ပနိုင်ငံသားများဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်းသတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက မွန်းလွဲ ၁၂ နာရီခန့်တွင်သွားရောက်စစ်ဆေးရာ မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာ၏အရှေ့ဘက်မီတာ ၆၅၀ ခန့် အကွာအနီးရှိတောအုပ်အတွင်း၌ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၂ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ၁ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသမီး ၁ ဦး၊ ရုရှားနိုင်ငံသား အမျိုးသမီး ၁ ဦး၊ လာအိုနိုင်ငံသား အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၆၉ ဦးတို့ကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား ၆၉ ဦးတို့အား မြဝတီမြို့၌ ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

❍ **MNL II Promotion မှ**


Enjoy Brother FC အသင်းနှင့် Happy Friendship FC အသင်းတို့သည် တစ်အုပ်စုတည်းတက်ရောက်လာသည့် အသင်းများဖြစ်ကြပြီး ဗိုလ်လုပွဲစဉ်တွင် Enjoy Brother FC အသင်းအတွက်ဂိုးများကို ရီဝေယံ၊ အံ့ကောင်းမွန်၊ အောင်မြင့်မြတ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ထို့အတူ Happy Friendship FC အသင်းအတွက်ဂိုးများကို ဇော်မင်းသန့်၊ ဝေဖြိုးဇော်တို့က သွင်းယူပေးခဲ့ကြသည်။

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အနိုင်ရဗိုလ်စွဲခဲ့သည့် Enjoy Brother FC အသင်းအား ချန်ပီယံဆုဖလားနှင့်အတူ ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယရရှိခဲ့သည့် Happy Friendship FC အသင်းအား ဆုကြေးငွေကျပ်သိန်း ၃၀ တို့အား မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့်မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခုနှစ် MNL II Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် ARYU FC၊ Enjoy Brother FC၊ Happy Friendship FC၊ Magway Union FC၊ Royal Chindwin FC၊ Swat–E Academy၊ 10/Mon FC၊ Asia Lion FC၊ Elite Kings FC၊ MYWD Star FC နှင့် Thanlyin City FC အသင်းတို့ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

MNL II Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင်ပထမရရှိသည့် Enjoy Brother FC နှင့် ဒုတိယရရှိသည့် Happy Friendship FC အသင်းတို့သည် လာမည့်ရာသီတွင် မြန်မာနေရှင်နယ်လိဂ်–၂ ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၉.၆°C |
| မင်းဘူး | ၃၉.၂°C |
| မကွေး | ၃၉.၂°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၉°C |
| ညောင်ဦး | ၃၈.၅°C |
| တောင်တွင်းကြီး | ၃၈.၅°C |
| ကော့ကရိတ် | ၃၈.၅°C |
| အောင်လံ | ၃၈.၄°C |
| မြင်းမူ | ၃၈.၄°C |
| တောင်ငူ | ၃၈.၃°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မိုးကောင်း | (၁.၆၅)လက်မ |
| တာချီလိတ် | (၁.၅၃)လက်မ |
| ပူတာအို | (၁.၂၂)လက်မ |
| မချမ်းဘော | (၁.၂၂)လက်မ |
| ငါးသိုင်းချောင်း | (၀.၈၇)လက်မ |
| ကိုကိုးကျွန်း | (၀.၇၉)လက်မ |
| မိုင်းဆတ် | (၀.၇၉)လက်မ |
| လဲချား | (၀.၇၆)လက်မ |
| ပုသိမ် | (၀.၃၉)လက်မ |
| မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | (၀.၃၅)လက်မ |
| မိုးညှင်း | (၀.၃၁)လက်မ |
| မိုင်းဖြတ် | (၀.၂၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၄ | ၂၄ |
| ရှမ်း(မြောက်) | ၁၄ | ၃၂ |
| ရှမ်း(အရှေ့) | ၁၃ | ၂၉ |
| ရှမ်း(တောင်) | ၁၂ | ၂၈ |
| ချင်း | ၁၀ | ၂၅ |
| စစ်ကိုင်း(အထက်) | ၁၈ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၁ | ၃၇ |
| နေပြည်တော် | ၂၁ | ၃၅ |
| မန္တလေး | ၂၆ | ၃၇ |
| မကွေး | ၁၈ | ၃၈ |
| ရခိုင် | ၂၁ | ၃၂ |
| ပဲခူး | ၂၀ | ၃၇ |
| ရန်ကုန် | ၂၁ | ၃၅ |
| ဧရာဝတီ | ၂၀ | ၃၃ |
| ကယား | ၁၆ | ၂၇ |
| ကရင် | ၂၀ | ၃၈ |
| မွန် | ၂၃ | ၃၇ |
| တနင်္သာရီ | ၂၂ | ၃၇ |

# Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ



ရန်ကုန် မတ် ၁၅

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG) တို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကျင်းပသည့် 2026 Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

အဆိုပါ မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသားသုံးချီထိုးနှစ်မိနစ်နားတွဲဆိုင်း ၁၀ ဆိုင်းပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ကျော်ကြီး(ဓာမဏိမောင်)နှင့်ကောင်းဆက်မင်း(ရန်ကြီးအောင်)တို့ပွဲတွင် ပထမအချီပွဲစကတည်းက ဆိုင်ထိုးပြိုင်ထိုးကြရာ ကောင်းဆက်မင်း၏လက်သီးချက်များထိမှန်ပြီး ကျော်ကြီးလေးကြိမ်တိုင်ပြုတ်ကျ၍ အမှတ်စဉ်ရေတွက်ခံရသည်။ ဒုတိယအချီတွင်လည်း ကျော်ကြီးအမှတ်စဉ် နောက်တစ်ကြိမ် ထပ်မံရေတွက်ခံရပြီး ကောင်းဆက်မင်း၏လက်သီးတွဲလုံးများနှင့် ခတ်ခြေထိမှန်ကာ အနားတောင်းခဲ့ရသည်။ ကျော်ကြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ ကောင်းဆက်မင်းအလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ဖရန်စစ်(Nine)နှင့် ထွန်းလင်းအောင်(SF) တို့ပွဲတွင် ထွန်းလင်းအောင်က ပြိုင်ဘက်ကို ဖိအားပေးထိုးသတ်ခဲ့သော်လည်း ဒုတိယအချီပြီးသည်အထိ အဖြေကမပြောင်းလဲခဲ့ပေ၊ တတိယအချီပြန်စသည်နှင့် ထွန်းလင်းအောင်က လက်သီးတွဲလုံးများ၊ ခြေကန်ချက်များ၊ တံတောင်ရိုက်ချက်များ သုံး၍ထိုးသတ်ခဲ့ရာ နောက်ဆုံးဖရန်စစ် ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ ထွန်းလင်းအောင်ကိုအရှုံးပေးလိုက်ရသည်။

ထို့အတူ စောအဲဒို(STL)နှင့် တိမ်လွှာ(ကျားမနိုင်)တို့ပွဲတွင် တိမ်လွှာ၏တံတောင်ရိုက်ချက်များ၊ ခတ်ခြေများ ဆက်တိုက်ထိမှန်၍ စောအဲဒိုဒုတိယအချီတွင် အမှတ်စဉ်နှစ်ကြိမ်တိုင်ရေတွက်ခံရပြီး အနားတောင်းခဲ့ရသည်။ တတိယအချီတွင် အမှတ်စဉ်တစ်ကြိမ်ထပ်မံရေတွက်ခံရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်သည့်အတွက် ဒိုင်ပွဲရပ်ကာ တိမ်လွှာအနိုင်ရရှိသွားသည်။

အခြားပွဲစဉ်များဖြစ်သည့် သွင်သမိုင်း(ကျားမနိုင်)နှင့် မင်းမင်းခန့်(Nine)၊ စောထက်အောင်(SF)နှင့် မြတ်မင်းကို(တော်ဝင်ဧရာ)၊ ပိုင်ဇင်အောင်(MK–1)နှင့်သဲမောင်(ကျားမနိုင်)၊ ရန်မျိုးအောင်(YMA)နှင့် သူရဟိန်း(လုံးချော)၊ အယ်ဂွန်ဂျာ(အဖြူရောင်သွေးသစ်)နှင့် သားထွေး(ကျားမနိုင်)၊ ရွှေထီး(YMA)နှင့် ရဲခေါင်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်များတွင် မျိုးဆက်သစ်လူငယ်များပီပီယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေသာရရှိခဲ့ကြပြီး ငရဲ(SF)နှင့် အောင်ကောင်းခန့်(Top One)တို့ပွဲတွင် ငရဲ၏နောက်ပြန်ခြေကန်ချက်သည် အောင်ကောင်းခန့်၏သတ်မှတ်ကန့်သတ်နေရာအား မတော်တဆထိမှန်ခဲ့၍ ပထမအချီမှာပင်ပွဲပျက်သွားခဲ့သည်။ **ဝန်းရံခ**

## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

အာဆင်နယ် ၂ – ၀ အဲဗာတန်

ချဲလ်ဆီး ၀ – ၁ နယူးကာဆယ်

ဝက်စ်ဟမ်း ၁ – ၁ မန်စီးတီး

မန်ယူ ၃ – ၁ ဗီလာ

နော်တင်ဟမ် ၀ – ၀ ဖူဟမ်

**စပိန်လာလီဂါ**

ရီးရဲလ် ၄ – ၁ အယ်ချီ

ဘာစီလိုနာ ၅ – ၂ ဆီဗီလာ

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှနုတ်ထွက်ခဲ့သည့် အီရန်အသင်း၏နေရာ၌ အီတလီအသင်းနှင့် အစားထိုးရန် ဖီဖာဆုံးဖြတ်




ရောမ မတ် ၁၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့် အီရန်အသင်း၏နေရာ၌ အီတလီအသင်းနှင့်အစားထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အီရန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာရှဇုန်မှ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အုပ်စု (G)တွင် ဘယ်လ်ဂျီယံအသင်း၊ အီဂျစ်အသင်း၊ နယူးဇီလန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသော်လည်း လက်ရှိဖြစ်ပွားနေသည့် အမေရိကန်၊ အစ္စရေးနှင့် အီရန်နိုင်ငံစစ်ရေးတင်းမာမှုများကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့် အီရန်အသင်း၏နေရာ၌ အာရှဒေသတွင်းမှ အသင်းတစ်သင်းနှင့် အစားထိုးရန်စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်နှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဥရောပအဆင့်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်(၁၃)နေရာ၌ရပ်တည်နေသည့် အီတလီအသင်းကို အစားထိုးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲအဆင့်တွင် ရလဒ်ကောင်းမွန်ခြင်းမရှိခဲ့သည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်မရရှိဘဲ မြောက်အိုင်ယာလန်အသင်းနှင့် Play off ကစားရမည်ဖြစ်သော်လည်း ယခုအခါ ဖီဖာက အီတလီအသင်းကို Play off ကစားစေမည်မဟုတ်ဘဲ တိုက်ရိုက်ဝင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းအနေဖြင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့ နှစ်ကြိမ်ဆက်လွဲချော်ခဲ့ရပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်သတ်မှတ်ခံခဲ့ရသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သုံးကြိမ်ဆက်လွဲချော်မည့်အရေးမှ လွတ်မြောက်ခဲ့သည်။

အီတလီအသင်းသည် ၂၀၀၆ ခုနှစ်က ဂျာမနီနိုင်ငံ၌ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုများရယူနိုင်ရန်ရုန်းကန်နေရပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်များတွင် ထိပ်တန်း ၁၀ နေရာမှလည်း ကျဆင်းခဲ့ရကြောင်း သိရသည်။

*Ref;Fabrizio Romano*

## မန်ယူအသင်းနည်းပြသစ်အဖြစ် ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ် ရေပန်းစားလျက်ရှိ

မန်ချက်စတာ မတ် ၁၅

မန်ယူအသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်ခန့်အပ်ရန်ပြင်ဆင်နေပြီး လက်ရှိတွင် ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် နည်းပြအမိုရင်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ရာသီကုန်အထိ နည်းပြကာရစ်ချ်ကိုခန့်အပ်ထားပြီး နည်းပြကာရစ်ချ်အနေဖြင့် အသင်းကို ရလဒ်ကောင်းများရယူပေးနိုင်ခဲ့ပြီးနောက် အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ခံရရန် သတင်းများထွက်ပေါ်နေသော်လည်း မရေမရာဖြစ်နေဆဲဖြစ်ပြီး မန်ယူအသင်းက စောင့်ကြည့်လျက်ရှိသည်။

မန်ယူအသင်းက နည်းပြသစ်ခန့်အပ်မည့်သူကို လက်ရှိအချိန်ကတည်းက ပစ်မှတ်ထားစောင့်ကြည့်နေပြီး ယခုဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲရန်ဆုံးဖြတ်ထားသည့် နည်းပြအင်းနရစ်ကို ဦးစားပေးပစ်မှတ်ထားနေသည့်အပြင် အန်ဆယ်လော့တီနှင့်ကလော့တို့ကိုလည်း စောင့်ကြည့်လျက်ရှိသည်။

နည်းပြ အင်းနရစ်သည် ပီအက်စ်ဂျီအသင်းကို ချန်ပီယံဆုဖလားများစွာရယူပေးနိုင်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# Finalissima ဖိုင်လ်လုပွဲကို အိမ်ကွင်း အဝေးကွင်း နှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပဖွယ်ရှိနေ




မက်ဒရစ် မတ် ၁၅

ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပလျက်ရှိသည့် Finalissima ဖိုင်လ်လုပွဲကို စပိန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့၌ အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပဖွယ်ရှိနေကြောင်း သိရသည်။

Finalissima ဖိုင်လ်လုပွဲကို ၂၀၂၂ ခုနှစ်မှစတင်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကာ ဥရောပမှ ယူရိုဖလားချန်ပီယံအသင်းနှင့် တောင်အမေရိကမှ ကိုပါအမေရိကဖလားချန်ပီယံအသင်းတို့ကစားခဲ့ခြင်းဖြစ်ပြီး လာမည့် Finalissima ဖိုင်လ်လုပွဲကို ယူရိုဖလားချန်ပီယံ စပိန်အသင်းနှင့် ကိုပါအမေရိကဖလားချန်ပီယံ အာဂျင်တီးနားအသင်းတို့ကစားရမည်ဖြစ်သည်။

အစောပိုင်းက Finalissima ဖိုင်လ်လုပွဲကို ယခုလအတွင်း ကာတာနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားသော်လည်း လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းဒေသတွင်း၌ စစ်ရေးတင်းမာမှုများရှိနေသည့်အတွက် ကာတာနိုင်ငံ၌ကျင်းပမည့်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်တို့က စပိန်နိုင်ငံရှိ ရီးယဲလ်မက်ဒရစ်အသင်းအိမ်ကွင်း ဘာနေဗျူးအားကစားကွင်း၌ကျင်းပရန် သဘောတူညီခဲ့ကြသော်လည်း အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကန့်ကွက်ခဲ့သည့်အတွက် ဖိုင်လ်လုပွဲကို စပိန်နိုင်ငံ ဘာနေဗျူးအားကစားကွင်းနှင့် အာဂျင်တီးနားနိုင်ငံ မိုနူမန်တယ်အားကစားကွင်းတို့၌ အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပွဲချိန်လေလွင့်မှုများကိုထိန်းချုပ်နိုင်ရန် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စည်းမျဉ်းသစ်လေးခုကို စတင်အသုံးပြုမည်

ဇူးရစ်ချ် မတ် ၁၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပွဲချိန်လေလွင့်မှုများကို ထိန်းချုပ်နိုင်ရန် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စည်းမျဉ်းသစ်လေးခုကို စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူစားလဲသည့်စည်းမျဉ်းများနှင့်ပတ်သက်ပြီး ယခင်က ကစားသမားများ လူစားလဲရာတွင် အချိန်ကန့်သတ်ထားခြင်းမရှိသော်လည်း ယခုအခါ လူစားလဲမှုလုပ်ဆောင်ရာတွင် အချိန် ၁၀ စက္ကန့်သာပေးအပ်မည်ဖြစ်ပြီး ၁၀ စက္ကန့်ထက်ပိုမိုကြာမြင့်မည်ဆိုပါက လူစားဝင်ရောက်မည့်ကစားသမားအနေဖြင့် ကွင်းပြင်ပ၌ တစ်မိနစ်ကြာစောင့်ဆိုင်းပြီးမှသာ ကွင်းအတွင်း ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အလားတူ လက်ပစ်ဘောစည်းမျဉ်းနှင့်ပတ်သက်ပြီး အစောပိုင်းက အချိန်ကန့်သတ်ထားခြင်းမရှိသော်လည်း ယခုအခါ လက်ပစ်ဘောမြောက်ခွင့်ကို အချိန်ငါးစက္ကန့်သာပေးအပ်မည်ဖြစ်ကာ ငါးစက္ကန့်ထက်ပိုမိုကြာမြင့်မည်ဆိုပါက ပြိုင်ဘက်အသင်းကို လက်ပစ်ဘောပေးရမည်ဖြစ်သည်။

ဆက်လက်ပြီး ကစားသမားများဆေးဝါးကုသမှုခံယူမည့်စည်းမျဉ်းနှင့်ပတ်သက်ပြီး ယခင်က ကွင်းအတွင်း ဆေးကုသမှုခံယူစေခဲ့သော်လည်း စည်းမျဉ်းသစ်အရ ဆေးကုသမှုခံယူမည်ဆိုပါက ကွင်းပြင်ပသို့ထွက်ခွာပြီး ဆေးကုသမှုခံယူရမည်ဖြစ်ကာ ဆေးကုသမှုခံယူပြီးလျှင်လည်း ကစားသမားအနေဖြင့် ကွင်းပြင်ပ၌ တစ်မိနစ်စောင့်ဆိုင်းပြီးမှသာ ကွင်းအတွင်းဝင်ရောက်ရမည်ဖြစ်သည်။

ထောင့်ကန်ဘောနှင့် ဒုတိယအကြိမ်ပြသမည့် အဝါကတ်ပြစ်ဒဏ်အတွက် ယခင်က VAR စနစ်ကို အသုံးမပြုခဲ့သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ထောင့်ကန်ဘောနှင့် ဒုတိယအကြိမ် အဝါကတ်ပြစ်ဒဏ်တို့အတွက်လည်း သံသယရှိမည်ဆိုပါက VAR စနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# စစ်ကိုင်းမြို့တွင် ငွေကျပ် ၃၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ မရွှေဇင်ဦးအား ဖမ်းဆီး ရမိသည့် ဘိန်းစိမ်း များနှင့်အတူ တွေ့ရစဉ်။



တရားခံ ကျော်ဝင်းနိုင် နှင့်မစုစုစံ တို့အား ဖမ်းဆီး ရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများ နှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၁၅

စစ်ကိုင်းမြို့တွင်ငွေကျပ်၃၁၅သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် သတင်းအရ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်တွင် မန္တလေးမှစစ်ကိုင်းမြို့ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင် BAJAJ RE အမျိုးအစား မီနီအိုးဝေသုံးဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဝန်းသိုမြို့နယ်၊ ကျုံးကြီးကျေးရွာနေ မရွှေဇင်ဦး(၂၂)နှစ် သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၅ သိန်း) ဖမ်းဆီးရမိသဖြင့် မရွှေဇင်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။

ထို့အတူ မတ်လ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေရပ်ကွက်၊ နယ်မြေ(၃)နေ ကျော်ဝင်းနိုင်(၃၅)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀၀)(တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀ သိန်း)ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်ကြီး(၁၀)နေ မစုစုစံ (၂၅)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀) ဆက်လက်ဖမ်းဆီးရမိသဖြင့် ကျော်ဝင်းနိုင်နှင့်မစုစုစံတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **မြဝတီ**

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်နှင့် ၉ ရက်**တို့တွင် မိုးကောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၇)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပူတာအိုမြို့နယ် မူလာရှီးဒီးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အင်ဂျင်ဝိုင် (၅၀ ဒသမ ၇၅)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၁၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၃ ရက်**တွင် ဘားအံမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လျှပ်စစ်ပစ္စည်း (၄၄)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၈၁၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် ကျိုက်ထိုမြို့နယ် ဒေါင်းတောင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မုပ္ပလင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သထုံမြို့နယ် ဒုံသမိတံတား၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၆၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ )ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားမဝင်စက်သုံးဆီဒီဇယ်ဆီဂါလန်(၁၅၀၀)၊ ဓာတ်ဆီဂါလန် (၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Isuzu Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၁၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၁ ရက်**တွင် စစ်တွေမြို့နယ်၊ ဒါးပိုင်ရွာသစ်ကျေးရွာရှိနေအိမ်(၁)လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၉ ရက်**တွင် သဃ်န်းကျွန်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ )ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၃၇၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၄၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Fuso Fighter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၅၀၄၈၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၂ ရက်**တွင် တောင်ကြီးမြို့နယ် ရပ်ကွက်ကြီး(၃၅)၌ နေအိမ်ခြံဝင်းအတွင်းရှိ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း (၄၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၅၄၀၃၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး၊ Mazda Titan Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၅၄၀၃၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၂ ရက်**တွင်ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၉၀၄၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် I Zone TT Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၆၂၁၅၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၈၁၆၁၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် မတ်လ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်**တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ(၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၄၅၁၆၁၃၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**မြဝတီ**


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၄၄၉၂၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်၊


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
SHWE PHE OO
Lemon Tea
SODA
LEMON
TRISTAR
PYIN OO LWIN
NAN MYAING
MOUNT PLEASANT
LIFE
STARMART nine mile Showroom

❖ နိုင်ငံနှင့်ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်...

❖ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုပါသည် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦးအား မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာအနီး၌ ထပ်မံဖမ်းဆီးရမိ



မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦးအား ဖမ်းဆီးရရှိမှုကိုတွေ့ရစဉ်။

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ

စာမျက်နှာ ၂၇ ကော်လံ ၁ ●

# နွေကာလတွင်ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြု နေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ

စာ - ၂၇ သို့

# ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေနည်းမည့်အခြေအနေ

နေပြည်တော် မတ် ၁၅

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၁၉ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် ၄ ပေခန့် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့၏ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၄၇ စင်တီမီတာသို့ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် ၄ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအထက်သို့ ပြန်လည်ရောက်ရှိနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၇၇ စင်တီမီတာသို့ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် ၂ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်ပါသည်။

(မိုး/ဇလ)

# MNL II Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် Enjoy Brother FC အသင်း ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပသည့် MNL II Promotion Amateur Club Tournament 2026 ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်အား ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ Enjoy Brother FC အသင်းက Happy Friendship FC အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကိုဆွတ်ခူးရရှိသွားသည်။

ယနေ့ ဗိုလ်လုပွဲယှဉ်ပြိုင်ကြသည့်

စာမျက်နှာ ၂၇ ကော်လံ ၄ ○

